ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့ (12-6-2011) (၆၇၈၈)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၁ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဒီမီထရီ၊ အေ၊ မက်ဒ်ဗီဒက်ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၁ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘင်နင်နိုအကွီနို(၃) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၁ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗလာဒီမီယာ၊ ဗွီ၊ ပူတင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတကာအဆင့်မီလေဆိပ်ကဲ့သို့ လေဆိပ်အဆောက်အအုံများ ကောင်းမွန်အောင် တိုးချဲ့ဆောင်ရွက် လေဆိပ်ဝန်ဆောင်မှုတွင် နှောင့်နှေးကြန့်ကြာမှုမရှိအောင်၊ ကျေနပ်နှစ်သက်မှုရှိအောင် ဆောင်ရွက်ပေး

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယမန်နေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ပြီး ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ထို့နောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဧည့်ခန်းမဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဩဂုတ် ၇ ရက်တွင် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (ICAO) အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကွန်ဗင်းရှင်းပါအချက်အလက်နှင့် နောက်ဆက်တွဲပါ သတ်မှတ်ချက်နှင့် ကတိကဝတ်များကို လိုက်နာကျင့်သုံးလျက်ရှိပါကြောင်း ပဏာမ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံလေကြောင်း နယ်နိမိတ်အတွင်း ဖြတ်ကျော်ပျံသန်းလျက်ရှိသည့် နိုင်ငံတကာလေကြောင်းလိုင်းများနှင့် ပြည်တွင်းလေဆိပ်များသို့ ဆင်းတက်ပျံသန်းလျက်ရှိသည့် ပြည်တွင်းပြည်ပလေကြောင်းလိုင်းများအခြေအနေ၊ လေကြောင်းထိန်းသိမ်းရေးကြီးကြပ်မှုအတွက် **စာမျက်နှာ ၈ ကော်လံ ၁ သို့**

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror
၁၂ - ၆ - ၂၀၁၁
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကဏ္ဍစုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်လည်ပတ်မှုများ ရှိခဲ့ရာ ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုများ ပိုမိုတိုးတက်လျက်ရှိသည်။ နှစ်ပေါင်းများစွာကပင် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများ ရှိခဲ့ရာ အနာဂတ်တွင်လည်း ချစ်ကြည်ရင်းနှီးမှုများ ပိုမိုမြင့်မားလာမည်ဖြစ်သည်။

မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ဇွန် ၁၀ ရက်တွင် နေပြည်တော်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E Mr.Hoang Trung Hai နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးက **"နှစ်နိုင်ငံအစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များအနေဖြင့် နှစ်နိုင်ငံစီးပွားရေး တိုးတက်စေရန် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သကဲ့သို့ တက်ရောက်လာသည့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များကလည်း နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအဖြေရှာကြပြီး နှစ်နိုင်ငံစီးပွားရေး ပိုမိုတိုးတက်ကောင်းမွန်ဖြစ်ထွန်းရရှိလာစေရန် ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေ"** ဟူ၍ ပြောကြားသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဒုတိယဝန်ကြီးချုပ်ကလည်း **"ဗီယက်နမ်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား ဗီယက်နမ်နိုင်ငံ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဖိတ်ခေါ်ပြီး မြန်မာနိုင်ငံတွင်လည်း ဗီယက်နမ်စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ကိုင်နိုင်ရန်အတွက် အလေးပေး ကူညီပံ့ပိုးပေးစေလိုပါကြောင်း"** ပြောကြားသွားသည်။

ယခုအခါ နှစ်နိုင်ငံအစိုးရများနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွင် စာချုပ်စာတမ်းများ လက်မှတ်ရေးထိုးနိုင်ကြပြီ။ ဖွံ့ဖြိုးရေးဘဏ်ကိုယ်စားလှယ်ရုံးဖွင့်လှစ်ခြင်း၊ ဗီယက်နမ်လေကြောင်းလိုင်းအသစ်ဖွင့်လှစ်ခြင်း၊ နှစ်နိုင်ငံ စီးပွားရေးဆွေးနွေးပွဲများ ကျင်းပခြင်းစသည်တို့ ဆောင်ရွက်လျက်ရှိရာ နှစ်နိုင်ငံစီးပွားရေးကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့် အလားအလာကောင်းများပင် ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေး၊ ခရီးသွားလုပ်ငန်း၊ သတ္တုတူးဖော်ခြင်းစသည့် နယ်ပယ်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လုပ်ကိုင်ရန် အခွင့်အလမ်းကောင်းများရှိသည်။ ငွေရေးကြေးရေး၊ ဘဏ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ လေကြောင်းပျံသန်းရေး၊ ဆက်သွယ်ရေးစသည့် ဝန်ဆောင်မှုလုပ်ငန်းများသည်လည်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်သင့်သည့် ကဏ္ဍများ ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနှင့် ဗီယက်နမ်နှစ်နိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးမှု အစဉ်အလာကောင်းများနှင့်အညီ ကဏ္ဍစုံစီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ခြင်းဖြင့် နှစ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအကျိုးရလဒ်များ ပိုမိုဖြစ်ထွန်းရရှိလာနိုင်မည်ဖြစ်ကြောင်း သုံးသပ်ရပေသည်။ ။

တရုတ်ရုပ်ရှင် ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ယဉ်ကျေးမှု တိုးမြှင့်ဖလှယ်သောအားဖြင့် တရုတ်ရုပ်ရှင် ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Junction Mini Theatre ၌ ကျင်းပသည်။

ဖွင့်ပွဲ ကျင်းပ

တရုတ်ရုပ်ရှင် ရက်သတ္တပတ်ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။
(သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ယဉ်ကျေးမှုသံမှူး မစ္စတာကောင်းဟွာ၊ တရုတ်ရုပ်ရှင် အနုပညာရှင်များအသင်း ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် တရုတ်ရုပ်ရှင် အနုပညာရှင် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် မစ္စတာ ယူကြည်ကွမ်း၊ ဒါရိုက်တာနှင့် ဇာတ်ညွှန်းရေးဆရာ Mr. Peng Chen၊ မြန်မာ့ရုပ်ရှင် အနုပညာရှင်များနှင့် အတတ်ပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် ရုပ်ရှင်ဝါသနာရှင် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး မစ္စတာကောင်းဟွာက အခမ်းအနား ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဒါရိုက်တာနှင့် ဇာတ်ညွှန်းရေးဆရာ Mr.Peng Chen က ၎င်းရိုက်ကူးခဲ့သည့် Walking to School ဇာတ်ကားနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ယဉ်ကျေးမှုသံမှူး မစ္စတာကောင်းဟွာနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မစ္စတာယူကြည်ကွမ်းတို့က တရုတ်ရုပ်ရှင် ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တရုတ်ရုပ်ရှင် ရက်သတ္တပတ်ဖွင့်ပွဲတွင် အဖွင့်ဇာတ်ကားဖြစ်သည့်Walking to School ဇာတ်ကားကိုပြသရာ ဒုတိယဝန်ကြီးများနှင့်ဧည့်သည်တော်များက စိတ်ဝင်တစား ကြည့်ရှုအားပေးကြသည်။

အဆိုပါ တရုတ်ရုပ်ရှင် ရက်သတ္တပတ်ကို ဇွန် ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရုပ်ရှင်ဝါသနာရှင် ပြည်သူများအနေဖြင့် အခမဲ့လာရောက် ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြဝတီမြို့နယ်တွင် ဗီဒီယိုလုပ်ငန်း လိုင်စင်များ နေ့ချင်းပြီးချထားပေး

မြဝတီ ဇွန် ၁၁

ကရင်ပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ် ကြီးကြပ်ရေးကော်မတီ၏ ညွှန်ကြားမှုဖြင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဌာနခွဲမှူး(တာဝန်ခံ) ဦးခင်မောင်ကြည်၊ အတွင်းရေးမှူး ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးမှူးကော်မတီဝင်များသည် မေ ၂၅ ရက်က မြဝတီမြို့ရှိ ဗီဒီယိုလုပ်ငန်းလုပ်ကိုင်မှုများအား မြို့နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီအဖွဲ့ဝင်များနှင့် မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ အဖွဲ့ဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းလိုင်စင် လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းများကို နေ့ချင်းပြီး ချထားဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၅၇၀)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၂-၆-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၀ ၄။ **ကာတွန်းအစီအစဉ် -ဘေ့စ်ဘောကြယ်ပွင့်များ (အပိုင်း-၁၂)**
- ၁၁း၄၀ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂန္ထဝင်မြောက်ရိုက်ချက်**
- ၁၂း၃၀ ၆။ ကျန်းမာသုတ
- ၁၂း၄၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၇၅)**

ညပိုင်း

- ၄း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၀ ၅။ လျှပ်တစ်ပြက်
- ၄း၃၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၄၀ ၇။ မြန်မာ့ရှုခင်း
- ၅း၁၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၅ ၉။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၂။ ဘဝကြေးမုံ -စက်ဝိုင်း၏အစွန်း (ပပဝင်းခင်၊ ဆုဝါ နှင့်သရုပ်ဆောင်များ) (ဒါရိုက်တာ-ဘုန်းသက်ပိုင်)
- ၆း၅၀ ၁၃။ ဂင်းနစ် ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ(အပိုင်း-၁၇)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ ပဟေဠိနန်းတော်
- ၂၀။ ကျန်းမာသုတ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-အချစ်တို့တည်ရာ (အပိုင်း-၂၄)**
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-အိမ်အပြန်လမ်း (အပိုင်း-၆၁)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အင်းလျားကန်ဖျား ကျောင်းတိုက် ဇေယျာသိဒ္ဓိသိမ်တော် တည်ဆောက်ရေးအတွက် တက္ကသိုလ် ရိပ်သာလမ်း ကမာရွတ်မြို့နယ်နေ ပါမောက္ခ ဦးလှအောင်(ရှေ့နေချုပ်၊ ငြိမ်း)- ဒေါ်မြမြထွန်းတို့၏ မင်္ဂလာနှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ငွေကျပ်သိန်း ၅၀ ပေးအပ် လှူဒါန်းစဉ်။
(ကြေးမုံ)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းနှင့် ငါးမျိုးစိုက်ထည့်ပွဲ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်

နေပြည်တော် ဇွန် ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးမျက်နှာစာနှင့် ရုံးပရိဝုဏ်အတွင်းတို့၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဒုတိယဝန်ကြီး ဦးကျော်လွင်တို့ တက်ရောက်၍ သစ်ပင်များ စိုက်ပျိုးပေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကံ့ကော်နှင့် ခရေပင်တို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက ခရေပင်နှင့် ကံ့ကော်ပင်တို့ကိုလည်းကောင်း စိုက်ပျိုးပေးကြပြီးနောက် ဌာနဆိုင်ရာအကြီးအကဲများက တမာပင်၊ ပိတောက်ပင်၊ စိန်ပန်းပင် စသည့်အပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းမိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆောက်လုပ်ရေးဝန်ကြီးဌာန လျှိုပိတ်တမံအမှတ်(၁)၊ (၂)နှင့် (၃)တို့၌ ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၂၀၀၀၊ ငါးခုံးမသားပေါက်ကောင်ရေ ၁၅၀၀ နှင့် ရွှေရောင်ငါးကြင်းသားပေါက်ကောင်ရေ ၁၅၀၀ စုစုပေါင်း ငါးကောင်ရေ ၅၀၀၀ တို့ကို စိုက်ထည့်ပေးကြသည်။

ယခုနှစ် ဆောက်လုပ်ရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း ၁၅၀၊ ပျဉ်းကတိုး ၁၅၀၊ ကုက္ကို ၅၀၊ ကံ့ကော် ၁၀၀၊ ပိတောက် ၁၅၀၊ ခရေ ၁၀၀၊ တမာ ၁၅၀၊ စိန်ပန်း ၁၀၀၊ မဟော်ဂနီ ၁၀၀နှင့် စိန်တလုံးသရက် ၃၀၀ စုစုပေါင်း အရိပ်ရပင်များနှင့်ပျိုးပင်ပေါင်း ၁၃၅၀ တို့ကို ဝန်ထမ်းမိသားစုများက စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗိုလ်လောင်းကျောင်းဆင်းအရာရှိများ အလှူငွေများ လှူဒါန်း

ရန်ကုန် ဇွန် ၁၁

ဗိုလ်လောင်းသင်တန်း အပတ်စဉ် (၈၅)သီဟတပ်ခွဲ ကျောင်းဆင်းအရာရှိများနှင့် မိသားစုများက ကျောင်းဆင်း (၁၈) နှစ်မြောက် အထိမ်းအမှတ်အဖြစ် နေပြည်တော် ဉပ္ပါတသန္တိစေတီတော်အတွက် ငွေကျပ် ၁၀ သိန်း **(ယာပုံ)**၊ ရန်ကုန်မြို့ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးအတွက် ငွေကျပ် ၁၁ သိန်းနှင့် မန္တလေးတောင်ခြေရှိ ဘိုးဘွားရိပ်သာအတွက် ငွေကျပ် သုံးသိန်း စုစုပေါင်းငွေကျပ် ၂၄ သိန်းတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရုရှားဖက်ဒရေးရှင်း နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၁ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ၊ ဗွီ၊ လပ်ဗ်ရော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၁ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အဲယ်လ်ဘတ် အက်ဖ် ဒယ့်လ် ရိုစာရီယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မိုးကုတ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၁

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် ဇွန် ၅ ရက် နံနက် ၉ နာရီတွင် မိုးကုတ်မြို့ မဏိရတနာခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးကုတ်မြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံသို့ ရောက်ရှိပြီး သားဖွားဆောင်၊ ကလေးလူနာဆောင်နှင့် ခွဲစိတ်ကုသဆောင်များရှိ လူနာများအား ကျန်းမာရေးစောင့်ရှောက် ဆေးဝါးကုသပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြ၍ ထောက်ပံ့ငွေများ ပေးအပ်ကာ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် မိုးကုတ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် မိုးကုတ်မြို့တွင်း ချောင်းရေလျှံရေဝင်ရောက်မှုကာကွယ်ရေးအတွက် မြို့အတွင်း စီးဆင်းလျက်ရှိသော ရေနီချောင်းရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ အသိပညာပေး ရှင်းလင်းပွဲကို မှော်ဘီမြို့နယ် မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၁၀ ရက်က ကျင်းပရာ မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မှော်ဘီမြို့နယ် သစ်တောဦးစီးအရာရှိ ဦးညီညီစိုးနှင့် သစ်တောဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား လော့်ကားဥယျာဉ် အုပ်ချုပ်ရေးမှူး (လက်ထောက် ညွှန်ကြားရေးမှူး) ဦးသိန်းအောင် ဟောပြောစဉ်။

(ကြေးမုံ)

မိုးရာသီ စုပေါင်း သစ်ပင်စိုက်

လှိုင်လင် ဇွန် ၁၁

လှိုင်လင်ခရိုင်နှင့် လှိုင်လင်မြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ သစ်ပင်များနှစ်နှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၅ ရက်က လှိုင်လင်မြို့ ကွန်ပျူတာတက္ကသိုလ် (ပင်လုံ)၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကွန်ပျူတာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ထင်းရှူး၊ ရေသင်းဝင်၊ ချယ်ရီ၊ ပနားမားငု၊ ခါတော်မီ၊ တမလန်း၊ ယူကလစ်၊ ပင်စိမ်း၊ သြရီရှား၊ စိန်ပန်းပြာ ပျိုးပင်စုစုပေါင်း ၅၀၀၀ စိုက်ပျိုးကြကြောင်း သိရသည်။

(ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၁-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၄၀၀၀	၀. ၀၃၂၈၉
တရုတ် (ယွမ်)	၆. ၄၈၁၁၀	၀. ၁၅၄၂၉
အိန္ဒိယ (ရူပီး)	၄၄. ၇၂၀၀	၀. ၀၂၂၃၆
မလေးရှား (ရင်းဂစ်)	၃. ၀၁၉၀၀	၀. ၃၃၁၂၄
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၇၆၀	၀. ၈၀၈၀၂
ဂျပန် (ယန်း)	၈၀. ၃၀၅၀	၀. ၀၁၂၄၅
တောင်ကိုရီးယား(ဝမ်)	၁၀၈၅. ၈၅	၀. ၀၀၀၉၂
ယူရို	၀. ၆၉၇၀၆	၁. ၄၃၄၆၀
ဗြိတိသျှ (ပေါင်)	၀. ၆၁၆၃၀	၁. ၆၂၂၅၉

အင်တာနက်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၂-၆-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၂၀ ၈။ အကပြိုင်ပွဲ
၈း၂၅ ၉။ "ကြိုဆိုလျက်ပါ"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၅၀)**
၁၂း၃၀ ၅။ Golf Magazine (TV)
၁၂း၅၀ ၆။ **မြန်မာရုပ်ရှင် "ရင်တွင်းဂီတ" (ဒွေး၊ သားညီ၊ ထက်ထက်မိုးဦး) (ဒါရိုက်တာ-ညိုမင်းလွင်)**
၂း၂၅ ၇။ အတီးပြိုင်ပွဲ
၂း၃၀ ၈။ သက်တံရောင်သံစဉ်
၂း၄၅ ၉။ International News
၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅ ၁။ Myanmar National League MNL Grand Royal Cup (2011) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မကွေးအသင်းနှင့် မနောမြေအသင်း)
၅း၄၅ ၂။ တေးဂီတအစီအစဉ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၁၅ ၄။ မိုးလေဝသအခြေအနေ
၆း၂၀ ၅။ **ကာတွန်းအစီအစဉ် "ကွမ်တမ်မင်း" (အပိုင်း-၂၂)**
၆း၄၀ ၆။ တစ်မျက်နှာ၊ တစ်ကွက်စာ "ဖြစ်ရပလေတယ်" (မင်းသူ၊ မိုးထက်ပိုင်၊ ခိုင်နှင်းဝေ) [ဒါရိုက်တာ-မေတင်(MMG)]
၇း၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (အပိုင်း-၁၈)**
၈း၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ မြန်မာနိုင်ငံ၏ မုတ်သုံရာသီနှင့် ဆက်နွှယ်နေသော မိုးလေဝသဖြစ်စဉ်များ
၁၂။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၂၂)**
၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုပ်ထွေးဆန်းကြယ်" (အပိုင်း-၁၄)**
၁၄။ အစီအစဉ်ပြီး၏။

အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ သဘောတူညီ

အစ္စလာမ္မာဘတ် ဇွန် ၁၁

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့သည် အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားကြရန် ဇွန် ၁၀ ရက်က သဘောတူညီလိုက်ကြသည်။

အာဖဂန်နှင့်ပါကစ္စတန် နှစ်နိုင်ငံ တာဝန်ရှိသူများ ဆွေးနွေးကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိနေသော အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းသည် ပါကစ္စတန်သမ္မတ ဆစ်ခ်အလီဇာဒါရီနှင့် မြို့တော်အစ္စလာမ္မာဘတ်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်တို့သည် အကြမ်းဖက်မှုဘေးအန္တရာယ်ကို ရင်ဆိုင်နေကြရသည့် ဒေသတွင်း၌ ငြိမ်းချမ်းရေးရရှိလာစေရေးအတွက် တာလီဘန်အဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်သွားနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်သွားကြရန် သဘောတူညီခဲ့ကြသည်။

မေ ၂ ရက်က ပါကစ္စတန်နိုင်ငံ ဘော့တာဘတ်မြို့၌ အမေရိကန်ရေတပ် ကွန်မန်ဒိုတပ်ဖွဲ့ဝင်များ၏ စီးနင်းတိုက်ခိုက်မှုကြောင့် အယ်လ်ခိုင်ဒါအဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင် သေဆုံးခဲ့ရပြီးနောက် အာဖဂန်သမ္မတ၏ ပါကစ္စတန်ခရီးစဉ် ဖြစ်ပေါ်လာသည်။

အိုစမာဘင်လာဒင်သေဆုံးခဲ့ရပြီးနောက် နှစ်နိုင်ငံအစိုးရအဖွဲ့များ၏ ဆက်ဆံရေးတင်းမာခဲ့ရသည်။

ပါကစ္စတန်နိုင်ငံသည် အစွန်းရောက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကို ရင်ဆိုင်နေရကြောင်း၊ မိမိတို့နိုင်ငံနည်းတူ အကြမ်းဖက်မှုပြဿနာနှင့် ရင်ဆိုင်နေရသော အာဖဂန်နစ္စတန်နိုင်ငံ၏ အစိုးရအဖွဲ့နှင့် ပြည်သူများအား ထောက်ခံကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံ၌ ငြိမ်းချမ်းရေးမရရှိဘဲ ဒေသတွင်း၌ ငြိမ်းချမ်းရေးရရှိမည်မဟုတ်ကြောင်း ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ဇာဒါရီက ပြောကြားသည်။

မိမိတို့အိမ်နီးချင်းနှစ်နိုင်ငံအကြား ဆက်ဆံရေး တိုးတက်ကောင်းမွန်လာကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲတွင် အောင်မြင်မှုရရှိပါမှ ပြည်သူများ၏ အကျိုးစီးပွားများ ပြည့်စုံကုံလုံမည်ဖြစ်ကြောင်း ကာဇိုင်းက ပြောကြားသည်။

အင်တာနက်။

တရုတ်အရှေ့ပိုင်းရှိ စက်ရုံတစ်ရုံတွင် ကာဗွန်မိုနောက်ဆိုဒ်အဆိပ်သင့်၍ ခြောက်ဦးသေဆုံး

နန်ကျင်း ဇွန် ၁၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့ပိုင်းကျန်းစူးပြည်နယ် စက်ရုံတစ်ခုအတွင်း ကာဗွန်မိုနောက်ဆိုဒ် ဓာတ်ငွေ့အဆိပ်သင့်ခြင်းကြောင့် သေဆုံးခဲ့ရသူအရေအတွက်မှာ သုံးဦးရှိခဲ့ရာမှ ယနေ့ညနေပိုင်းတွင် ခြောက်ဦးအထိ မြင့်တက်လာကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

ချန်ကျို့မြို့ ဝူကျင်နယ်မြေရှိ သတ္တုပုံသွင်းစက်ရုံတစ်ခုတွင် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်က အဆိုပါ မတော်တဆဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သတ္တုရည်ကျိုလုပ်သား တစ်ဦးမှာ လုပ်ရိုးလုပ်စဉ်အတိုင်း သတ္တုရည်ကျိုသည့် လုံကို ကြည့်ရှုစစ်ဆေးနေစဉ် ကာဗွန်မိုနောက်ဆိုဒ် ဓာတ်ငွေ့အဆိပ်သင့်ခြင်းကြောင့် သတ္တုရည်ကျိုလုံအတွင်း ပြုတ်ကျခဲ့ရသည်။ မီးသတ်ရဲဘော်တစ်ဦးအပါအဝင် အခြားခြောက်ဦးမှာ ၎င်းကို ကယ်တင်ရန် ကြိုးပမ်းစဉ် အဆိပ်သင့်ခဲ့ရသည်။

သတ္တုရည်ကျိုလုပ်သား၊ လုပ်ငန်းရှင်သူဌေး၊ တွဲဖက်လုပ်သားသုံးဦးနှင့် မီးသတ်ရဲဘော်တစ်ဦးတို့မှာ အရေးပေါ်ကုသမှုမအောင်မမြင်ဖြစ်ခဲ့ရပြီး သေဆုံးသွားကြကြောင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာသည်။

အခြားတစ်ဦးမှာ ကုသမှုခံယူနေရဆဲဖြစ်သော်လည်း အသက်အန္တရာယ် စိုးရိမ်ဖွယ်ရာမရှိကြောင်း၊ အထက်ပါမတော်တဆဖြစ်ရပ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

ဟိမဝန္တာတောင်ကြောပေါ်၌ ၁၂ ရက်ကြာလမ်းပျောက်ခဲ့သူ ဂျပန်အမျိုးသမီး အသက်ရှင်လွတ်မြောက်

ခေတ္တမန္ဒူ ဇွန် ၁၁

နီပေါနိုင်ငံ ဟိမဝန္တာတောင်တန်းပေါ်၌ ၁၂ ရက်ကြာမျှ လမ်းပျောက်ခဲ့ရသော ဂျပန်အမျိုးသမီးတစ်ဦး က ၎င်းသည် မျှစ်များကို ချိုးဖဲ့စားသုံး၍ သောက်ရေဖြင့် မျှော်ချကာ အသက်ဆက်ခဲ့ရကြောင်းအေအက်ဖ်ပီ သတင်းဌာနသို့ သောကြာနေ့က ပြောကြားသည်။

မာကီကိုအိုင်ဝါဖူချီ အမည်ရှိ အသက်(၄၉)နှစ်အရွယ် ဂျပန်အမျိုးသမီးသည် ဟိမဝန္တာတောင်ကြောအထက် အမြင့်ပေ ၁၄၃၇၀ ၌ တည်ရှိသော ဟိန္ဒူဘာသာဝင်တို့၏ အထွတ်အမြတ်နေရာတစ်ခုဖြစ်သည့် ဂိုဆိန်ကွန်ဒါရေအိုင်သို့ သွားရောက်ရန် မေ ၂၅ ရက်တွင် ၎င်းတည်းခိုနေသော ဟိုတယ်မှထွက်ခွာခဲ့သည်။

သို့ရာတွင် အိုင်ဝါဖူချီသည် ဂိုဆိန်ကွန်ဒါရေအိုင်သို့ မရောက်ဘဲ တောထဲ၌ ၁၂ ရက်ကြာ လမ်းပျောက်ခဲ့ရပြီး ဘုရားဖူးအဖွဲ့တစ်ဖွဲ့က ၎င်းကို ကံကောင်းထောက်မစွာတွေ့ရှိ ကယ်ဆယ်နိုင်ခြင်းဖြစ်သည်။

မိမိသည် လိုဏ်ဂူတစ်ခုအတွင်း နှစ်ရက်ကြာမျှ ခိုလှုံနေခဲ့ရပြီးနောက်ပိုင်း၌ သစ်ရွက်များ၊ မျှစ်များစားသုံးကာ ရေကိုအဝသောက်၍ အသက်ဆက်ခဲ့ရကြောင်း အိုင်ဝါဖူချီက ပြောကြားခဲ့သည်။

ယခင်က ရတနာကုန်သည်တစ်ဦးအဖြစ် အသက်မွေးခဲ့ပြီး ယခုအခါ ကမ္ဘာလှည့်ခရီးသည်တစ်ဦး အဖြစ် လုံးလုံးလျားလျား ရောက်ရှိလာသည့် အိုင်ဝါဖူချီသည် ပင်ပန်းနွမ်းနယ်နေပုံရပြီး ၎င်း၏ခြေထောက်၌ အသေးစားဒဏ်ရာများ ရရှိခဲ့သည်ဟု ဆိုသည်။

နီပေါနိုင်ငံသည် နှစ်စဉ်နှစ်တိုင်း ခရီးကြမ်းထွက်သူများနှင့် တောင်တက်သမား ထောင်ပေါင်းများစွာကို အိမ်ရှင်အဖြစ် လက်ခံခဲ့သည်။

၈၈၄၈ မီတာအမြင့်ရှိသော ဧဝရက်တောင်ထိပ်အပါအဝင် မီတာ ၈၀၀၀ ကျော်ရှိ ကမ္ဘာ့အမြင့်ဆုံး တောင်ထွတ် ၁၄ ခုအနက် ရှစ်ခုမှာ နီပေါနိုင်ငံအတွင်းတည်ရှိသည်။

အေအက်ဖ်ပီ။

ချီလီမီးတောင်မှ ပြာမှုန်များ လွင့်မျောလာမှုကြောင့် နယူးဇီလန်လေယာဉ်ခရီးစဉ်များထိခိုက်နိုင်

ဝယ်လင်တန် ဇွန် ၁၁

တောင်အမေရိကတိုက်ရှိ ချီလီနိုင်ငံ၌ မီးတောင်ပေါက်ကွဲရာမှ ပေါ်ထွက်လာသော ပြာမှုန်များကြောင့် နယူးဇီလန်နိုင်ငံနှင့် ပစိဖိတ်ဒေသတစ်ဝန်းရှိ နိုင်ငံများ၏ လေယာဉ်ခရီးစဉ်ပျံသန်းမှုများကို ထိခိုက်နိုင်ကြောင်း နယူးဇီလန်သတင်းဌာနများက ဇွန် ၁၁ ရက်တွင် ရေးသားဖော်ပြသည်။

ချီလီနိုင်ငံရှိ ပူယီဟူမီးတောင်သည် ဇွန် ၄ ရက်က ပေါက်ကွဲခဲ့ရာ အမြင့်မီတာ ၁၅၀၀၀ ခန့်အထိ ပြာမှုန်များကို မှုတ်ထုတ်ခဲ့သည်။

လေပြင်းများတိုက်ခတ်မှုကြောင့် နယူးဇီလန်နိုင်ငံ ကောင်းကင်ယံအတွင်းသို့ ပြာမှုန်များ ဝင်ရောက်လာကာ ခရီးသည်တင်လေယာဉ်များ ပျံသန်းမှုကို ထိခိုက်လာနိုင်ကြောင်း နယူးဇီလန် မြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။

နယူးဇီလန်နိုင်ငံ တောင်ကျွန်း၏ အရှေ့ဘက်ပင်လယ်ကမ်းရိုးတန်းဒေသရှိ ခရစ္စချတ်မြို့မှ ဩစတြေးလျနိုင်ငံသို့ ပျံသန်းမည့် လေကြောင်းခရီးစဉ်များကို ရပ်ဆိုင်းထားရဖွယ်ရှိကြောင်း အဆိုပါအာဏာပိုင်အဖွဲ့က ပြောကြားသည်။ **အင်တာနက်။**

သုံးလပြည့် ဂျပန်မြေငလျင်အတွက် ဝတ်ပြုဆုတောင်းပွဲများ ကျင်းပ

တိုကျို ဇွန် ၁၁

ဂျပန်နိုင်ငံ၌ အင်အားပြင်းမြေငလျင်လှုပ်ခဲ့မှုမှာ ဇွန် ၁၁ ရက်တွင် သုံးလပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှု သုံးလပြည့်မြောက်သောနေ့တွင် မြေငလျင်နှင့် ဆူနာမီရေလှိုင်းတို့ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများအတွက် ဝတ်ပြုဆုတောင်းပွဲများကို ကျင်းပခဲ့ကြသည်။

မြေငလျင်လှုပ်ခဲ့ပြီး သုံးလအကြာတွင် ပြည်သူ ၉၀၀၀၀ ကျော်မှာ အရေးပေါ်ခိုလှုံရေးစခန်းများ၌ နေထိုင်ကြရဆဲဖြစ်သည်။

သဘာဝကပ်ဘေးဒဏ် ခံစားခဲ့ရသူများအတွက် ယာယီနေအိမ်များကို တည်ဆောက်ပေးလျက်ရှိရာ ယာယီနေအိမ်အလုံးပေါင်း ၂၈၀၀၀ ခန့်ကို တည်ဆောက်ထားပြီးဖြစ်ကြောင်း ပြည်သူပိုင်ရုပ်မြင်သံကြားဌာန အင်န်အိပ်ချ်ကေက သတင်းထုတ်လွှင့်သည်။

သို့ရာတွင် သဘာဝဘေးအန္တရာယ်ဒုက္ခသည် အများအပြားက ယာယီနေအိမ်များသို့ ရွှေ့ပြောင်းနေထိုင်ရန် ငြင်းဆန်ကြသည်။ အကြောင်းမှာ အရေးပေါ်ဒုက္ခသည်စခန်းများမှာထက် ယာယီနေအိမ်များ၌ နေရေးထိုင်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ပြည့်စုံမှုမရှိသေးခြင်းကြောင့်ဖြစ်သည်။ ယာယီနေအိမ်အချို့မှာ ဝေးလံသည့် အရပ်ဒေသများ၌ တည်ရှိသည်။ **အင်တာနက်။**

ကမ္ဘာတစ်ဝန်းရှိ အန္တရာယ်များသော အလုပ်ခွင်များ၌ ကလေးသန်း ၁၀၀ ကျော် အလုပ်လုပ်နေကြရ

ဂျီနီဗာ ဇွန် ၁၁

နေ့စဉ် တစ်မိနစ်ကြာတိုင်း ကမ္ဘာပေါ်၌ ကလေးအလုပ်သမားတစ်ဦး လုပ်ငန်းခွင်နှင့် ဆက်နွှယ်သော မတော်တဆမှု၊ နာမကျန်းဖြစ်မှုနှင့် စိတ်ပိုင်းဆိုင်ရာ ကစဉ့်ကလျားဖြစ်မှုစသော ဘေးတစ်ခုခုကို ကြုံတွေ့ခံစားနေရကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့(အိုင်အယ်လ်အို)က ဇွန် ၁၀ ရက်တွင် ပြောကြားသည်။

ကမ္ဘာတစ်ဝန်းလုံး၌ ခန့်မှန်းခြေအားဖြင့် ကလေး ၁၁၅ သန်းမျှတို့သည် ဘေးအန္တရာယ်များသော လုပ်ငန်းခွင်များ၌ အလုပ်လုပ်နေကြရကြောင်း ကမ္ဘာ့ကလေးလုပ်သားအသုံးပြုမှု တိုက်ဖျက်ရေးနေ့မတိုင်မီ တစ်ရက်အလိုတွင် ထုတ်ပြန်သော အိုင်အယ်လ်အို၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

အဆိုပါ ကိန်းဂဏန်းအရေအတွက်သည် တွက်ချက်မည်ဆိုပါက အကြမ်းဖျင်းအားဖြင့် ၂၁၅ သန်းမျှရှိသော ကမ္ဘာပေါ်ရှိ ကလေးအလုပ်သမားထု၏ ထက်ဝက်မျှကိုသာ ကိုယ်စားပြုကြောင်း အိုင်အယ်လ်အို၏ လေ့လာချက်တွင် ဖော်ပြသည်။

ကမ္ဘာတစ်ဝန်းရှိ ဘေးအန္တရာယ်ကြီးမားသော လုပ်ငန်းခွင်များ၌ ကလေးအလုပ်သမားများ ဝင်ရောက်လုပ်ကိုင်နေရလျက်ရှိရာ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ ကျူးကျော်ရပ်ကွက်တစ်ခုအတွင်းရှိ မီးသွေးစက်ရုံ၌ မီးသွေးအိတ်များ ထမ်းပိုး၍ အသက်မွေးဝမ်းကျောင်းပြုနေရသည့် ကလေးငယ်များ။

ကလေးလုပ်သားပြဿနာနှင့် ပတ်သက်၍ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်းအရေးကြီးသော အောင်မြင်မှုများရခဲ့သော်လည်း ကမ္ဘာတစ်ဝန်းအထူးသဖြင့် ဘေးအန္တရာယ်များသော အလုပ်ခွင်များ၌ ဝင်ရောက်အလုပ်လုပ်ကြရသည့် ကလေးဦးရေမှာ မြင့်တက်နေဆဲဖြစ်ကြောင်း အိုင်အယ်လ်အိုအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဂျူအမ်ဆိုမာဗီးယားက ပြောကြားခဲ့သည်။

၂၀၀၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်အကြား ကာလများ၌ ဘေးအန္တရာယ်များသော အလုပ်ခွင်များ၌ ကလေးများ ဝင်ရောက်လုပ်ကိုင်ရမှုနှုန်းထား ကျဆင်းခဲ့သည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် အန္တရာယ်များသော အလုပ်ခွင်များ၌ အသက်(၁၅)နှစ်(၁၇)နှစ်အကြား လူငယ်များ ဝင်ရောက်လုပ်ကိုင်လာမှုနှုန်းမှာ ၂၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း အိုင်အယ်လ်အို၏ လေ့လာချက်၌ ဖော်ပြသည်။

အလုပ်ခွင်၌ ကလေးများသေကျေဒဏ်ရာရမှုများသည် အရွယ်ရောက်သူများနှင့် နှိုင်းစာပါက ၂၀ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ကြောင်း၊ ကိုယ်ခန္ဓာနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်မျိုးလုံး ဖွံ့ဖြိုးဆဲအရွယ် များဖြစ်သောကြောင့် အလုပ်ခွင်၏ ဘေးဒုက္ခများကို ကလေးများက ပိုမိုခံစားရကြောင်း အိုင်အယ်လ်အို၏ အစီရင်ခံစာတွင် ဖော်ပြသည်။

အင်တာနက်။

အာဖဂန်နစ္စတန်နိုင်ငံသို့ တန်ပြန်ထောက်လှမ်းရေးသမားများ အမေရိကန်စေလွှတ်

ကဘူး ဇွန် ၁၁

အမေရိကန်စစ်ဘက်သည် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များအတွင်းသို့ တာလီဘန်အဖွဲ့ဝင်များ စိမ့်ဝင်ထိုးဖောက်မှုမပြုလုပ်နိုင်စေရေးအတွက် အာဖဂန်နစ္စတန်နိုင်ငံသို့ တန်ပြန်ထောက်လှမ်းရေးသမား ၈၀ ကို စေလွှတ်လိုက်ပြီဖြစ်ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ဇွန် ၁၁ ရက်တွင် ရေးသားဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ လုံခြုံရေးတပ်ဖွဲ့များအတွင်းသို့ တာလီဘန်အဖွဲ့ဝင်များ စိမ့်ဝင်ထိုးဖောက်ကာ သူလျှိုပြုလုပ်နိုင်ခြင်းမရှိစေရန် အမေရိကန် တန်ပြန်ထောက်လှမ်းရေးဝန်ထမ်းများက အကူအညီပေးမည်ဖြစ်သည်။

အာဖဂန်လုံခြုံရေးတပ်ဖွဲ့များအတွင်းသို့ ဝင်ရောက်လာသည့် တပ်သားသစ်များ၏ နောက်ခံသမိုင်းကြောင်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်း၊ တပ်ဖွဲ့ဝင်များ၏ ကိုယ်ရေးရာဇဝင်များကို ပြန်လည်သုံးသပ်ခြင်းတို့ကို ပြုလုပ်ရာတွင် အမေရိကန်တန်ပြန်ထောက်လှမ်းရေးဝန်ထမ်းများက ကူညီမည်ဖြစ်ကြောင်း အမည်မဖော်သူ စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။ **အင်တာနက်။**

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁၁

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံးပရဝဏ် သစ်ပင်စိုက်ခင်းများ၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းနှင့် ဇနီးတို့က သစ်ဆိမ့်ပင်၊ ကံ့ကော်ပင်နှင့် သရက်ပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဌာနဆိုင်ရာ အကြီးအကဲများနှင့် အင်ဂျင်နီယာချုပ်များအား ပျိုးပင်များ ပေးအပ်ပြီး ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ငါးမျိုးစိုက်ထည့်ပွဲကို ဝန်ကြီးရုံး လျှိုပိတ်ဆည်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများက ငါးသားပေါက်မျိုးစုံတို့ကို စိုက်ထည့်ပေးကြသည်။

အဆိုပါ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ကုက္ကို၊ သစ်ဆိမ့်၊ ကံ့ကော်၊ ပိတောက်၊ ငုဝါ၊ စိန်ပန်းကြီး၊ စွယ်တော်၊ တမာ၊ မဲဇလီ၊ ယင်းမာ၊ ယူကလစ်၊ အော်ရီရှား၊ မန်ကျည်း၊ ရေတမာနှင့် စိန်တလုံး သရက်ပင်များ စုစုပေါင်း သစ်ပင် ၅၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီး ငါးမျိုးစိုက်ထည့်ပွဲတွင် ငါးမြစ်ချင်း၊ ငါးကြင်း၊ ယိုးဒယားငါးခုံးမနှင့် ငါးခူသားပေါက်များ စုစုပေါင်းကောင်ရေ ၇၀၀၀ တို့ကို စိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သရက်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ်နှင့် မအူပင်မြို့နယ်များအတွင်း ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၁

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၉ ရက် မွန်းတည့် ၁၂ နာရီတွင် လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ဖူထီကျေးရွာအုပ်စု စိန်ကျွန်းရတနာ(၁) လယ်ယာကုန်ထုတ်အသင်း စိုက်ပျိုးရေးရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဒေသခံတောင်သူများ၏ သိပ္ပံနည်းကျပေါင်စနစ်ဖြင့် မျိုးစေ့ချ စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်လမြိုင်ကျွန်း မြို့နယ်လုံးဆိုင်ရာ ပုညဝိသုဒ္ဓိ သာသနာ့ဗိမာန် အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သာသနာ့ဗိမာန် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မော်လမြိုင်ကျွန်းမြို့ (၁၄)လမ်း ကွန်ကရစ်လမ်းခင်းခြင်းအတွက် အလှူငွေကျပ်ငါးသိန်း လှူဒါန်းပြီး အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၂၇၄၀၀၀၀၀ ကို လက်ခံသည်။

ဆက်လက်၍ မော်ရွှေဝါ အားကစားခန်းမသို့ရောက်ရှိပြီး မော်ကျွန်းကလပ်လက်ဝှေ့အသင်း၏ လက်ဝှေ့အားကစားလေ့ကျင့် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေး၍ ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် မော်လမြိုင်ကျွန်းမြို့နယ် ခုတင်(၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသော ဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ငွေကျပ်ငါးသိန်း၊ TZTM ကုမ္ပဏီတာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်အောင်က ငွေကျပ်သိန်း ၅၀ နှင့် မြနန္ဒာဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအေးလင်းနှင့်ဇနီး ဒေါ်စန္ဒာဝင်းတို့က ငွေကျပ် ၂၅ သိန်း တို့ကို ခေတ္တဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းကြပြီး ဆေးကုသမှုခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဇွန် ၁၀ ရက်တွင် မအူပင်မြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းဝင်းအတွင်း အသစ်ဆောက်လုပ်နေသော စာသင်ဆောင်အတွက် သစ်မာလေးတန်နှင့် အခြားသစ်နှစ်တန်၊ ငွေကျပ် ၁၀ သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်ဝင်းက ငွေကျပ်သိန်း ၁၀၀ နှင့် တိုင်းဒေသကြီး ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ မအူပင်ခရိုင် ဌာနဆိုင်ရာများက ငွေကျပ်တစ်သိန်းတို့ကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် မအူပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရေးကိစ္စနှင့်စပ်လျဉ်း၍ အကြိုရှင်းလင်းဆွေးနွေး

နေပြည်တော် ဇွန် ၁၁

မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှဌေးသည် ဇွန် ၉ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်သပြေကုန်းဈေး ဇီဝကဆေးဆိုင်များ၊ ဆိုင်ခန်းအမှတ်(ဇ-၄၅)၌ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စားသောက်ဆိုင်ပိုင်ရှင် ၆၅ ဦးတို့အား တွေ့ဆုံ၍ ရန်ကုန်မြို့၌ ဖွဲ့စည်းပြီးသွားသော စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းမှ စားသောက်ဆိုင်လုပ်ငန်းရှင်များ၏ ကိုယ်စားလှယ်များကိုပါ ထည့်သွင်းဖွဲ့စည်းသွားရန် စီစဉ်ထားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးသည် ဇမ္ဗူသီရိဟိုတယ်၌ ဟိုတယ်ဧည့်ကြိုလုပ်ငန်းသင်တန်း သင်ကြားနေမှုနှင့် ရွှေပြည်တော်ဟိုတယ်၌ ဟိုတယ်အိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်း သင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Nikon DSLR D700 Photo Talking Point ဆွေးနွေးပွဲအစီအစဉ် ကျင်းပ

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံ ဓာတ်ပုံအသင်းနှင့် Special Style Photo & Electronics တို့ ပူးပေါင်းကျင်းပသည့် Nikon DSLR အမျိုးအစားသစ် ဆွေးနွေးပွဲကို ဇွန် ၃ ရက်က ရန်ကုန်မြို့ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းတိုက်၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ဓာတ်ပုံပညာရှင် ဦးကျော်ကျော်ဝင်း ကိုယ်တိုင် အသုံးပြုရိုက်ကူးခြင်း အတွေ့အကြုံများကို ဆွေးနွေးသည်။

ထို့နောက် ဓာတ်ပုံပညာရှင်များ၊ ဓာတ်ပုံဝါသနာရှင်များ၏ မေးမြန်းချက်များကို အသေးစိတ် ပြန်လည်ဆွေးနွေးပြီး စိတ်ပါဝင်စားသူ ဓာတ်ပုံပညာရှင်များက လက်တွေ့ စမ်းရိုက်ကြည့်ကြသည်။ အသေးစိတ်သိရှိလိုပါက Special Style Photo & Electronics အမှတ်(၁၈၄-၁၉၂) အခန်းအမှတ် (B-၁) နှင်းဆီကွန်ဒို မြေညီထပ် ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၀၁၃၈နှင့် ၃၉၇၆၁၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စာသင်ဆောင် ရေစက်ချလှူဒါန်း

ပဲခူး ဇွန် ၁၁

ပဲခူးမြို့ မဇင်းတိုးချဲ့ရပ်ကွက် ဆင်ဖြူကွင်းအနီး နန်းဦးရွှေစေတီ ဘုန်းတော်ကြီးသင်ပညာရေး အမှတ် (၂၀) အမက မူလွန်ကျောင်းဝင်းအတွင်း ဆောက်လုပ်ပြီးစီးသွားသော စာသင်ကျောင်းဆောင်သစ် ရေစက်ချအလှူတော်မင်္ဂလာကို ဇွန် ၅ ရက် နံနက်ပိုင်းက ယင်းကျောင်းဆောင်သစ်၌ ကျင်းပသည်။

ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်မှာ အလျား ၆၅ ပေ၊ အနံ ၂၂ ပေ အကျယ်အဝန်းရှိပြီး စာသင်ခုံ အစုံ ၆၀၊ သင်ပုန်းကြီး ငါးချပ်၊ ကျောင်းဝတ်စုံ အဖြူအစိမ်း အင်္ကျီ/ဘောင်းဘီ အစုံ ၃၀၀ စုစုပေါင်း ငွေကျပ် ၁၃၄၁၀၉၄၀ တန်ဖိုးရှိကြောင်း သိရသည်။

အလှူရှင်များမှာ ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းနေ (ဦးစိန်ဝင်း)-ဒေါ်တင်တင်၊ ဦးအောင်စိုး-ဒေါ်မြင့်မြင့်ကြည်တို့ကို အမှူးထား၍ ဦးအောင်ဇော်ဝင်း-ဒေါ်မို့မို့အောင် (တင်ချိုဝင်း)မိသားစုဖြစ်ကြောင်း သိရသည်။

(၄၀၃)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ

သာယာလှပ စိမ်းမြမြ

သံတွဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒွါရာဝတီမြို့မဈေးအတွင်း ရေနုတ်မြောင်းများ တူးဖော်နေမှုကို ဇွန် ၂ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် ဦးစီးအရာရှိ ဦးသန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပွဲတော် ပေါင်းတည်မြို့နယ်၌ ကျင်းပ

ပြည် ဇွန် ၁၁

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲတော် အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၇ နာရီက ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပေါင်းတည်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးပုမ်ဇဂင့်က ၂၀၁၁ ခုနှစ် မိုးရာသီတွင် ပေါင်းတည်မြို့နယ်၌ ဌာနပိုင်စိုက်ခင်းနှင့် တစ်အိမ်ထောင် ကျွန်းသုံးပင်အတွက် ကျွန်းပင်ပေါင်း ၃၄၉၀၀၀၊ ကျေးလက်အိမ်ရာထူထောင်ရေးအတွက် ယူကလစ်ပင် ၁၆၀၀၀ နှင့် ပြည်သူလူထုသို့ ဖြန့်ဝေသစ်ပင်မျိုးစုံ ၁၇၀၀၀ စုစုပေါင်း ၃၈၂၀၀၀ တို့ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။ ထို့နောက် မြို့နယ် သစ်တောဦးစီးအရာရှိက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းသန့်ထံသို့ ပျိုးပင်များကို ဖြန့်ဝေပေးအပ်သည်။

ယင်းနောက် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲတော်သို့ တက်ရောက်လာသော မြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများက ကျွန်း၊ ယူကလစ်၊ ခရေ၊ ကံ့ကော်၊ မဲဇလီ၊ ယမနေ စသည့် အပင်ပေါင်း ၁၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ (၄၉၇)

၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး စည်းဝေး

၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၁

၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်၍အထူးရောင်းချပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး၊ ဆပ်ကော်မတီများနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက်၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်နှင့် ဒုတိယဝန်ကြီး ဦးဌေးအောင်တို့က ဆပ်ကော်မတီအလိုက် ဆွေးနွေးတင်ပြမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များ မှာကြားကာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ (သတင်းစဉ်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်ပင်စိုက်ပျိုး

ရန်ကုန် ဇွန် ၁၁

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ကျေးရွာများသို့ သွားရောက်၍ ဒီရေတောစိုက်ပျိုးခြင်း၊ သောက်သုံးရေတွင်းများနှင့် လယ်သမားသင်တန်းကျောင်းများ ပြုလုပ်ပေးနေသော ပြည်တွင်း အန်ဂျီအိုများမှ ဒါရိုက်တာအဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာဖုန်းဝင်း၊ ဒေါ်ယုဇာမော်ထွန်းနှင့် ဦးဇော်ဦးတို့က သင့်အတွက် သဘာဝ၏ ဝန်ဆောင်မှုနှင့် ရပ်ရွာအခြေပြု သောက်သုံးရေ အရင်းအမြစ် စီမံခန့်ခွဲရေး အသိပညာပေး ကာတွန်းပိုစတာများကို ထိုအခမ်းအနားခန်းမ၌ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ထို့အတူ မင်္ဂလာမြန်မာမှ တခြားအဖွဲ့ဝင်များကလည်း ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ မီးပြကျေးရွာသို့လည်းကောင်း၊ ဘိုကလေးမြို့နယ် ကျွန်းညိုကျေးရွာအုပ်စုရှိ တုံးလုံကျေးရွာ၊ ငါးခူချောင်းကျေးရွာ၊ ကျားချောင်းကျေးရွာနှင့် လတာချောင်းကျေးရွာတို့မှ အတွေ့အကြုံရှိသော လယ်သမားကြီးများနှင့် လယ်သမားများ စုပေါင်း၍ လတာချောင်းကျေးရွာသို့လည်းကောင်း သွားရောက်၍ ပိုစတာများ ဖြန့်ဝေခဲ့ပြီး သစ်တောများ ပျက်စီးဆုံးရှုံးမှုကြောင့် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များနှင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ရှင်းပြကာ လတာချောင်းကျေးရွာတွင် ဒီရေတော၊ ရေခရားပင် ၃၀၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

BCA ဒီပလိုမာဝင်ခွင့် ပို့ချပေးမည်

ရန်ကုန် ဇွန် ၁၁

BCA အကယ်ဒမီဝင်ခွင့် စာမေးပွဲကို ဇူလိုင် ၁၀ ရက်တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ၊ ဘွဲ့ရရှိသူများနှင့် GCE 'O' Level အောင်မြင်ပြီးသူများလည်း တက်ရောက်နိုင်ကြောင်း သိရသည်။

သင်တန်းတွင် ဘာသာရပ်ခြောက်ခုထဲမှ ကြိုက်နှစ်သက်ရာတစ်ခုကို ရွေးချယ်၍ ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး အင်္ဂလိပ်နှင့် သင်္ချာဘာသာရပ်နှစ်ခုကို ဖြေဆိုရမည်ဖြစ်သည်။ ထူးချွန်သော ကျောင်းသား၊ ကျောင်းသူများအတွက် ထောက်ပံ့ကြေးအစီအစဉ်ရှိရာ အလွယ်တကူ ဖြေဆိုနိုင်ရန်အတွက် သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ အသေးစိတ်သိရှိလိုပါက အမှတ်(၁၇၇/၁၇၉)(၇)လွှာ ၇-ဘီ (၃၄)လမ်း (အပေါ်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၆၉၈၁၈၊ Lobby Shop (II) အမှတ် ၄၄(ဘီ) (၂၆)လမ်းနှင့် (၆၈)လမ်းထောင့် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၉-၈၆၂၅၄၄၃သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။(ကြေးမုံ)

ရန်ကုန်မြို့ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အဘိုး ၅၈ ဦး၊ အဘွား ၉၇ ဦးတို့အား ဆေးတက္ကသိုလ်-၂ ရန်ကုန် မျက်စိရောဂါဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဦးကိုကိုသန့်၊ တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်ရီရီအောင်၊ ကထိက ဒေါက်တာဒေါ်ခင်သန္တာစုတို့ ခေါင်းဆောင်သော မျက်စိအထူးကုဆရာဝန်များ၊ မျက်စိကျွမ်းကျင်ပညာရှင်များပါဝင်သောအဖွဲ့ ဇွန် ၁ ရက်တွင် မျက်စိစမ်းသပ်ကုသပေးကြစဉ်။ (ကြေးမုံ)

ပင်းတယမြို့နယ်ရှိ အားကစားကွင်းမျက်နှာစာ၌ ဆောက်လုပ်ပြီးစီးသွားသည့် ငွေကျပ်သိန်း ၄၀ တန် ဆိုင်ခန်းနှစ်ခန်းကို ဆောက်လုပ်ရေးကန်ထရိုက်တာဦးဆန်းဝင်း -ဒေါ်ညိုညိုခင်နှင့် သား မောင်ဇေလင်းထက် မိသားစုက ပေးအပ်လှူဒါန်းရာ အလုပ်အမှုဆောင် ဦးမျိုးဆန်းလက်ခံရယူစဉ်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၆-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ပါရာယန သုတ္တန်" တရားတော်
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၂)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၉၀)**
၈း၅၀ သာသနာတော်အတွက် ရည်မျှော် . . . ထေရဝါဒမွေပိမာန်တော်
၉း၀၅ အရွယ်မရွေးလှပစေဖို့ . . .
၉း၂၀ ရန်ကုန်မြင်ကွင်းကျယ်
၉း၃၅ Sunday Talk [မောင်လူမွေး(မြန်မာမှု)၊ မျိုးမြတ်သူ]
၁၀း၁၀ ရန်ကုန်မြင်ကွင်းကျယ်
၁၀း၂၅ ဗီဒီယိုပြခန်း
၁၀း၅၀ ဈေးဝယ်လမ်းညွှန်
၁၁း၂၀ Sports Diary
၁၁း၄၅ ရန်ကုန်မြင်ကွင်းကျယ်
၁၂း၀၀ စိန်ကြယ်ပွင့်တို့ရဲ့သားအိမ်ခေါင်း ကင်ဆာစကားဝိုင်း
၁၂း၂၅ ရန်ကုန်မြို့မိုးညှင်းဝိပဿနာ တိုက်သစ်မေ့ဒိန္နာအမျိုးသမီး ယောဂီလေးထပ်ကျောင်းဆောင် သစ်ဖွင့်ပွဲ
၁း၀၀ "ပါရာယန သုတ္တန်" တရားတော်
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း
၃း၃၀ သဘာဝဆေးစွမ်းထက်သော မြန်မာ့တပင်တိုင်မြနန်း
၃း၄၅ စာပန်းအိမ်၏သမိုင်းသစ်
၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၉၀)**
၅း၀၀ FMF Selection
၅း၃၀ ဂဏန်းသင်္ချာပျော်စရာ
၆း၀၀ MRTV-4 သတင်း
၆း၂၀ Global Panorama
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၃)**
၇း၂၅ သွားမယ်စားမယ်
၇း၄၅ ရေသန့်ဆိုသည်မှာ. . .
၈း၀၀ MRTV-4 သတင်း
၈း၃၀ Kid's Show
၉း၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၉၁)**
၁၀း၂၀ ပရိမ်းယားလိဂ်ရင်ခုန်သံ
၁၀း၄၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ
၁၁း၀၅ နှယ်ဉ်ဆန်းထွင်ပန်းအလှဆင်
၁၁း၂၅ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ
၁၁း၃၅ Let's Danoe
၁၂း၀၀ ရာဇဝင်မြစ်ကမ်းပေါ်မှ . . . နားခိုရာ
၁၂း၃၀ ဒို့တိုင်းဌာနီရောဝတီ
၁၂း၅၀ ရှုမငြီးဖွယ်စုံညီ. . . ထားဝယ်မြို့ဂုဏ်ရည်
၁း၁၀ ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
၁း၂၅ ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
၁း၃၅ အများထဲကတစ်ယောက်
၁း၅၀ ဖန်တီးသူတို့ကမ္ဘာ
၂း၀၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ
၂း၃၀ အလှဆင်စရာပရိဘောဂကမ္ဘာ
၂း၄၅ လှပသက်ဝင်ဖော့ပန်းပုရုပ်သွင်
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ Treasure From The Earth (Part-1)
၄း၂၅ တန်ခိုးထွဋ်ခေါင်ရွှေနတ်တောင်
၄း၄၅ သမိုင်းထဲက မင်းကွန်း လင်းလွန်းသည့်သာသနာ

နေပြည်တော် မြို့မဈေးရှိ အများပြည်သူသုံးသန့်စင်ခန်းအတွင်း ပေါက်ကွဲမှုတစ်ခုဖြစ်ပွား သုံးဦးဒဏ်ရာရရှိ၊ တရားခံဖမ်းဆီးရမိရေးအတွက် စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိ

နေပြည်တော် ဇွန် ၁၁

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက် မြို့မဈေးရှိ အများပြည်သူသုံး ငါးခန်းတွဲ သန့်စင်ခန်းနှစ်လုံးအနက် တစ်လုံး၏ ဝဲအစွန် သန့်စင်ခန်းအတွင်း ယမန်နေ့ ည ၉နာရီခွဲခန့်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ပေါက်ကွဲမှုကြောင့် သန့်စင်ခန်းအုတ်နံရံ ပြိုကျကာ ခေါင်မိုး ပွင့်ထွက်သွားခဲ့ကြောင်း၊ အုတ်ကျိုးစများ လွင့်စဉ်ထိမှန်ခဲ့မှုကြောင့် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဖူးရောင်နာကျင်ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့ကြကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားရာသို့ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကာ ဒဏ်ရာရ လူနာသုံးဦးအား နေပြည်တော်ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးပြီး လိုအပ်သည်များ ကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ပြီးခဲ့သည့် မေ ၁၈ ရက်က ဖြစ်ပွားခဲ့သည့် အမြန်လူစီးရထားပုံးပေါက်ကွဲမှုဖြစ်စဉ်၏ တရားခံ ဖောက်ခွဲသူအား တာဝန်သိပြည်သူများ၏ သတင်းပေးပူးပေါင်းကူညီမှုဖြင့် မေ ၂၉ ရက် ညပိုင်းက ဖမ်းဆီးရမိခဲ့သကဲ့သို့ ယခုဖြစ်စဉ်မှ တရားခံကိုလည်း အမြန်ဖမ်းဆီးရမိစေရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း၊ တာဝန်ရှိသူများကလည်း တရားခံအား အမြန်ဖမ်းဆီးရမိရေးအတွက် စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း၊ ယခင်ပေါက်ကွဲမှု ဖြစ်စဉ်များ၌ တရားခံများအား တာဝန်သိပြည်သူများနှင့် တာဝန်ရှိသူများ ပူးပေါင်းဖမ်းဆီးရမိခဲ့သည့် အစဉ်အလာအတိုင်း ယခုဖြစ်စဉ်၌လည်း တာဝန်သိပြည်သူများအနေဖြင့် မသင်္ကာသူတွေ့ရှိပါက အမြန်ချက်ချင်းဆက်သွယ်သတင်းပေးပို့ကြပါရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စုပေါင်းသစ်ပင် စိုက်ပျိုးပွဲ ကံထူးမစံပြကျေးရွာ၌ ကျင်းပ

တန့်ဆည် ဇွန် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ကံထူးမစံပြကျေးရွာ အထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၇ ရက်က ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တန့်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ဒေဝ၊ တန့်ဆည်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအုန်းလွင်(၂)၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း အင်အား ၄၀၀ ဖြင့် စုပေါင်း၍ ကျွန်းပင် ၃၀၀ နှင့် တမာပင် ၁၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ (ကြေးမုံ)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း အသင်းသားစုံညီ စည်းဝေး

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (၁၇)ကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း (၁၇)ကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးပေါဟိန်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က အမှာစကား ပြောကြားသည်။

အမည်စာရင်းဖတ်ကြား

ထို့နောက် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာအောင်သိန်းက အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။ ဆက်လက်၍ ဘဏ္ဍာရေးမှူး ဦးအေးဟန်က သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်း ပြင်ဆင်ဖြည့်စွက်ချက်များကို တင်ပြ၍ အတည်ပြုချက်ရယူသည်။ ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးက ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်သိန်းတို့ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင် ၃၄ ဦး၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။

ထို့နောက် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တွေ့ဆုံမှာကြား

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ရန်ကုန်အဝေးသင်တက္ကသိုလ်၌ တာဝန်ခံ ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ပညာရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် ရန်ကုန်အဝေးသင်တက္ကသိုလ်၌ မှာကြား

နေပြည်တော် ဇွန် ၁၁

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်အဝေးသင်တက္ကသိုလ်သို့ရောက်ရှိပြီး တာဝန်ခံပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပညာသင်နှစ်အလိုက် သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြီး အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍတို့၌ ဆောင်ရွက်လျက်ရှိသော ပညာရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ပြီး အောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရုပ်ဝန်း

နိုင်ငံတကာရုပ်ရှင် အနုပညာရုပ်ဝန်း နိုင်ငံတကာရုပ်ရှင် အနုပညာရုပ်ဝန်း

ရှန်ဟိုင်းရုပ်သံဇာတ်လမ်းပွဲတော်တွင် The Last Tundra ဇာတ်ကား အကောင်းဆုံးဆုရ

ယခုနှစ်ရှန်ဟိုင်းရုပ်သံဇာတ်လမ်းပွဲတော်တွင် အက်စ်ဘီအက်စ် ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့သည့်The Last Tundra မှတ်တမ်းရုပ်သံဇာတ်လမ်းတွဲက အကောင်းဆုံးဆုရရှိသွားကြောင်း ပွဲတော်ကျင်းပရေးတာဝန်ရှိသူများက ဇွန် ၁၀ ရက်တွင် ထုတ်ပြန်ကြေညာသည်။

တရုတ်နိုင်ငံရှန်ဟိုင်းမြို့တွင် ဇွန် ၆ရက်မှ ၁၀ရက်အထိ ကျင်းပခဲ့သော (၁၇)ကြိမ်မြောက် ရှန်ဟိုင်းရုပ်သံဇာတ်လမ်းပွဲတော်တွင် ကိုရီးယားဒါရိုက်တာ ဂျန်ကွန်ဆူးရိုက်ကူးခဲ့သည့် The Last Tundra ဇာတ်ကား**(ယာပုံ)**က အခြားနိုင်ငံများမှ ရုပ်သံဇာတ်လမ်းတွဲများကို ကျော်လွန်၍ အကောင်းဆုံးဆုရရှိသွားကြောင်း ယင်းပွဲတော်၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အက်စ်ဘီအက်စ် ရုပ်သံလိုင်းမှ အပိုင်းလေးပိုင်းခွဲ၍ တောင်ကိုရီးယားနိုင်ငံတွင် လွန်ခဲ့သည့်နှစ် နိုဝင်ဘာ ၁၄ ရက်မှ ဒီဇင်ဘာ ၅ရက်ထိ ထုတ်လွှင့်ပြသခဲ့သော ဤဇာတ်ကားသည် တစ်ခဲနက်အားပေးထောက်ခံမှုရရှိခဲ့ပြီး ယင်းဇာတ်ကားတွင် ကိုရီးယားထိပ်တန်းစာရင်းဝင် မင်းသမီးတစ်ဦးဖြစ်သည့် ကိုဟွန်ဂျန်းက ဇာတ်ကြောင်းပြောသူအဖြစ် ပါဝင်အားဖြည့်ထားသည်။ ယင်းဇာတ်ကားကို ရုပ်သံဇာတ်လမ်းတွဲမှ ရုပ်ရှင်ကားအဖြစ် လွှန်ခဲ့သည့် ဖေဖော်ဝါရီလက ပြန်လည်ထုတ်လုပ်ခဲ့ရာ ပြည်ပနိုင်ငံများသို့ ပထမဆုံးရောင်းချခဲ့ရသည့် မှတ်တမ်းရုပ်ရှင်ကားလည်း ဖြစ်ခဲ့သည်။

ရှန်ဟိုင်းရုပ်သံဇာတ်လမ်းပွဲတော်ကို အာရှတိုက်အတွင်းရှိ ရုပ်သံဇာတ်လမ်းတွဲ၊ ရုပ်ရှင်ကား၊ မှတ်တမ်းရုပ်ရှင်ကားများနှင့် ကာတွန်းကားများ၏ အရည်အသွေးကို ပိုမိုမြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**



ကိုရီးယားမင်းသားနှင့် တရုတ်မင်းသမီး ပူးတွဲသရုပ်ဆောင်ထားသည့် ဇာတ်ကား အမေရိကန်တွင် ပြသမည်

နာမည်ကျော် ကိုရီးယားမင်းသား ဟွန်ဘင်နှင့် တရုတ်မင်းသမီးချော တန်ဝေ**(ယာပုံ)**တို့ ပူးပေါင်းသရုပ်ဆောင်ထားသည့် Late Autumn အမည်ရှိ ရုပ်ရှင်ကားကို ယခုလအတွင်း အမေရိကန်ပြည်ထောင်စု၌ ပထမဆုံးအကြိမ် ရုံတင်ပြသမည်ဖြစ်ကြောင်း အမေရိကန် CGV ရုပ်ရှင်ရုံများ၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ယင်းဝက်ဘ်ဆိုက်များ၏ ထုတ်ပြန်ကြေညာချက်အရ ဤဇာတ်ကားကို အမေရိကန်ပြည်ထောင်စုရှိ မြို့ကြီးခြောက်မြို့တွင် ပြသသွားမည်ဖြစ်ရာ ဇွန် ၁၇ ရက်တွင် လော့စ်အိန်ဂျလိစ်မြို့နှင့် ဆီယက်တယ်မြို့တို့တွင် ပြသမည်ဖြစ်ပြီး နောက်တစ်ပတ်တွင် အက်တလန်တာမြို့၊ နယူးယောက်မြို့၊ နယူးဂျာစီမြို့နှင့် ဆန်ဂျိုးမြို့တို့တွင် ဆက်လက်ပြသသွားမည်ဖြစ်သည်။

ယင်းဇာတ်ကားကို ဖေဖော်ဝါရီ ၁၇ ရက်က တောင်ကိုရီးယားနိုင်ငံတွင် ရုံတင်ပြသခဲ့ပြီး သူများမယားကို ပြစ်မှားတတ်သူ ဟွန်း(မင်းသားဟွန်ဘင်)နှင့် ရက်စက်တတ်သည့် လင်ယောကျ်ားကို သတ်ဖြတ်မှုဖြင့် အကျဉ်းကျခံနေရသူ အန်နာ(တန်ဝေ)တို့ တိုက်တိုက်ဆိုင်ဆိုင် တွေ့ဆုံခဲ့ကြပုံကို စိတ်ဝင်စားဖွယ် တင်ပြထားသည်။

ဤဇာတ်ကားကို ၁၉၆၆ ခုနှစ်က ကိုရီးယားဒါရိုက်တာ လီမန်ဟီးက ပထမဆုံးအကြိမ် ရိုက်ကူးတင်ပြခဲ့ပြီးနောက် သုံးကြိမ်တိုင်တိုင် ပြန်လည်ရိုက်ကူးကြရာ ၁၉၇၅ ခုနှစ်တွင် Promise of the Body အမည်ဖြင့်လည်းကောင်း၊ ၁၉၈၂ ခုနှစ်တွင် Manchu အမည်ဖြင့်လည်းကောင်း၊ ဂျပန်နိုင်ငံတွင် ၁၉၇၂ ခုနှစ်တွင် Promise အမည်ဖြင့်လည်းကောင်း ပြန်လည်ရိုက်ကူးခဲ့ကြသည်။

ယင်းဇာတ်ကားကို ဂျာမနီနိုင်ငံ ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်နှင့် ဆွစ်ဇာလန် နိုင်ငံတကာရုပ်ရှင်ပွဲတော်တို့သို့ လာရောက်ပြသရန် ဖိတ်ကြားခံခဲ့ရသည်။

အင်တာနက်။

အေဝမ်းစိုး

KNU အကြမ်းဖက် သောင်းကျန်းသူများထောင်ထားသော မိုင်းများနင်းမိသဖြင့် အပြစ်မဲ့ပြည်သူများ ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပဒဲကောကျေးရွာနေ ဦးသာတိုး အသက်(၇၀)၊ ရွှေကျင်မြို့နေ ဦးကျော်ဌေး (၂၅)နှစ်နှင့် ဦးကြည်လွင်(၃၅)နှစ်တို့သည် ယနေ့ နံနက် ၈နာရီခန့်တွင် ရွာ၏အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာရှိ ရော်ဘာခြံများအတွင်း ခြံလုပ်ငန်းလုပ်ကိုင်နေကြစဉ် KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းများနင်းမိသဖြင့် ဘယ်ခြေချင်းဝတ်မှပြတ် ဒဏ်ရာ အသီးသီးရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိသူများအား နယ်မြေခံတပ်မှ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးခဲ့ပြီး ရွှေကျင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေလအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း(၃၄၆)မှု၊ တရားခံ(၅၃၄)ဦး ဖမ်းဆီးအရေးယူခဲ့

နေပြည်တော် ဇွန် ၁၁

၂၀၁၁ ခုနှစ် မေလအတွင်း နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးအမှုပေါင်း ၃၄၆ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၅၅ မှု (အလေးချိန် ၃၃၉ ဒသမ ၅၈၅ ကီလို)၊ ဘိန်းဖြူ (၁၀၅)မှု (အလေးချိန် ၁၆ ဒသမ ၀၃၉၅ ကီလို)၊ဘိန်းဆီ ခြောက်မှု (အလေးချိန် ၂၆ ဒသမ ၄၄၇၉ ကီလို)၊ အဆင့်နိမ့်ဘိန်း ၃၈ မှု (အလေးချိန် ၃၇ ဒသမ ၉၂၅၅ ကီလို)၊ ဆေးခြောက် ၃၁ မှု (အလေးချိန် ၁၃ ဒသမ ၀၁၅၅ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၁မှု ၄၁၀၉၅၃ ပြား၊ ဘိန်းစာမှုန့် ရှစ်မှု (အလေးချိန် ၆ ဒသမ ၆၄၅ ကီလို)၊ မော်ဖင်းထိုးဆေး တစ်မှု (၃၈၀ ပုလင်း)၊ အိုက်(စ်) တစ်မှု (အလေးချိန် ၀ ဒသမ ၁၅ ကီလို)၊ ဘိန်းရည် နှစ်မှု (၀ ဒသမ ၁၈၅ လီတာ)၊ ဆူဒိုအက်ဖီဒရင်း တစ်မှု ၈၄၀၀၀၀ ပြား)၊ ဘိန်းဆီရည် (အလေးချိန် ၂ ဒသမ ၄ လီတာ)၊ အက်ဖီဒရင်း (အလေးချိန် ၅၉ ဒသမ ၅ ကီလို)၊ မှတ်ပုံတင်ပျက် ၁၇ မှု ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အမှုပေါင်း (၃၄၆)မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၄၃၀၊ မ ၁၀၄ ဦး စုစုပေါင်း တရားခံ ၅၃၄ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❂ ရှေ့ဖုံးမှ

အသုံးပြုသည့် နည်းစနစ်များ၊ မြန်မာနိုင်ငံသို့ ဆင်းတက်ပျံသန်းနေသော နိုင်ငံတကာ လေကြောင်းလိုင်းများနှင့် ခရီးသည် သယ်ဆောင်မှု၊ ပြည်တွင်းလေကြောင်းပို့ဆောင်ရေးအခြေအနေ၊ နိုင်ငံသားပိုင်နှင့် ဖက်စပ်လေကြောင်းလိုင်းများ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဆိုင်ရာ အချက်အလက်များနှင့် ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ပြည်တွင်းပြည်ပ ခရီးသည်ဝင်ထွက်မှု၊ ၂၀၁၀ ခုနှစ်အတွင်း ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းမှ ဝင်ငွေရရှိမှု၊ လေယာဉ်များအတွက် မြေပြင်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးမှု၊ လေကြောင်းလမ်းညွှန်နှင့် လေကြောင်း ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေမှု၊ ခရီးသည်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေမှုနှင့် လေဆိပ်၏ လက်ရှိဝန်ဆောင်မှုပေးနိုင်မှု အခြေအနေများ၊ လေဆိပ်၌ ကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ဌာန၊ အဖွဲ့အစည်းနှင့် ကုမ္ပဏီများ အခြေအနေနှင့် နောင်တွင် ခရီးသည်များ ဝင်ထွက်သွားလာမှု တိုးတက်လာမှုအရ လေဆိပ်အား တိုးချဲ့ရန် လိုအပ်လာမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်း၊ အကောက်ခွန်ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကိုနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဌာနအလိုက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက ယနေ့ဖြစ်ပေါ်လာသည့် နိုင်ငံတော်သစ်၏ အခင်းအကျင်းများအရ မိမိတို့နိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးနှင့် စီးပွားရေးလုပ်ငန်းများတွင် ဆက်သွယ်ဆက်ဆံမှုများ တိုးမြင့်လာမည်ဖြစ်ကြောင်း။

ယခု ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တစ်နှစ်လျှင် ခရီးသည် ၂ ဒသမ ၇ သန်းအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ပြီး လက်ရှိတွင် တစ်နှစ်လျှင် ခရီးသည် နှစ်သန်းကျော် ဝင်ရောက်လျက်ရှိနေပြီဖြစ်၍ မကြာမီ အမြင့်ဆုံးလက်ခံဆောင်ရွက်ပေးနိုင်သည့်အဆင့်သို့ ရောက်ရှိလာမည် ဖြစ်ကြောင်း။

သို့ဖြစ်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို တစ်နှစ်လျှင် ခရီးသည် ၃ ဒသမ ၈ သန်းအထိ ဝန်ဆောင်မှုပေးနိုင်သည့် နိုင်ငံတကာအဆင့်မီ လေဆိပ်အဖြစ် အဆင့်မြှင့်တင်တိုးချဲ့ရန် လိုအပ်လာကြောင်း၊ အလားတူ ပြည်တွင်း လေကြောင်းသွားလာရေး လုပ်ငန်းများကိုလည်း ဆက်စပ်၍ အဆင့်မြှင့်တိုးချဲ့ဆောင်ရွက်ရန် လိုအပ်လာမည်ဖြစ်ကြောင်း။

ထိုသို့ တိုးချဲ့ဆောင်ရွက်ရာတွင်လည်း နိုင်ငံတကာခေတ်မီလေဆိပ်တစ်ခုကဲ့သို့ ဝန်ဆောင်မှုများ ပြည့်စုံကောင်းမွန်နေရန်လိုအပ်ကြောင်း၊ လေဆိပ်အဆောက်အအုံများ ကောင်းမွန်ရုံသာမက စီမံခန့်ခွဲမှုအပိုင်း၊ ဝန်ဆောင်မှုအပိုင်း၊ လုံခြုံမှုအပိုင်း၊ ဆက်ဆံမှုအပိုင်းစသည့် လုပ်ငန်းပိုင်းများတွင်လည်း စနစ်တကျ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း။

လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများတွင် ဆက်စပ်ဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့လုပ်ငန်းများကို သတ်မှတ်ထားသည့် စည်းကမ်း၊ နည်းလမ်းများနှင့်အညီ မြန်မြန်ဆန်ဆန်နှင့် စနစ်တကျ ပြီးမြောက်အောင် ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ ခရီးသည်များအတွက် မလိုလားအပ်သည့် နှောင့်နှေးကြန့်ကြာမှုမရှိအောင်၊ မိမိတို့၏ ဝန်ဆောင်မှုအပေါ် ကျေနပ်နှစ်သက်မှုရှိအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း။

ထို့ကြောင့် လေဆိပ်တိုးချဲ့တည်ဆောက်ရာတွင် ခေတ်မီလေဆိပ်တစ်ခုအဖြစ် လိုအပ်မည့် အဆောက်အအုံများအပါအဝင် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်စည်ပို့ဆောင်မှုလုပ်ငန်းနှင့် အခြားဆက်စပ်လျက်ရှိသည့် လိုအပ်ချက်များကိုပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း ဝန်ဆောင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးဌာနများကို စုစုစည်းစည်းပြင်ဆင်နေရာချ၍ ဝန်ထမ်းအင်အား တိုးချဲ့နေရာချထားပေးရန် မှာကြားသည်။ (သတင်းစဉ်)

သထုံခရိုင် သထုံ၊ ဘီးလင်းနှင့် ကျိုက်ထိုမြို့နယ်များ၌ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁၁

မွန်ပြည်နယ် သထုံခရိုင် မြို့နယ်များ၌ ယမန်နေ့တွင် ကျင်းပသည့် အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့်ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားများသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်အားပေးသည်။

ရှေးဦးစွာ သထုံမြို့နယ် ဂေါ့ကျိုပါရွာသစ် မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲကို နံနက် ၈ နာရီခွဲတွင် ကျင်းပရာ ပြည်နယ်ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာလှဦးနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၂၀၊အနံပေ ၃၀ရှိ အုတ်ညှပ်တစ်ထပ်ဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူစုပေါင်း၍ ငွေကျပ်သိန်း ၂၁၀ အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် သထုံမြို့နယ် နောင်ဘိုကျေးရွာရှိ ငွေကျပ်သိန်း ၁၆၀ အကုန်အကျခံတည်ဆောက်ခဲ့သည့် မူလတန်းတိုးချဲ့ကျောင်းဆောင်သစ် ဖွင့်ပွဲသို့ တက်ရောက်ဂုဏ်ပြု အမှာစကားပြောကြားသည်။ အဆိုပါ တိုးချဲ့ကျောင်းဆောင်သစ်မှာ အလျားပေ ၄၀၊ အနံပေ ၃၀ ဖြစ်ပြီး အုတ်ညှပ်တစ်ထပ်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဘီးလင်းမြို့ ဆရာစံရပ်ကွက် အမှတ်(၂)မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်သည်။ အဆိုပါကျောင်းဆောင်သစ်မှာ အလျားပေ ၁၃၀၊ အနံပေ ၃၀ ရှိ အုတ်ညှပ်တစ်ထပ်ဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူစုပေါင်း၍ ငွေကျပ် ၃၀၉ သိန်း အကုန်အကျခံတည်ဆောက်ခဲ့ကြောင်း သိရှိရသည်။

အလှူငွေပေးအပ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိုက်ထိုမြို့နယ် တောင်ပိုင်းရပ်ကွက် တော်ခြံမူလတန်းကျောင်းဆောင် သစ်ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် နိုင်ငံတော်၊ တောင်တက်မော်တော်ယာဉ်အသင်းနှင့် ပြည်သူတို့ စုပေါင်း၍ ငွေကျပ် သိန်း ၂၇၀ အကုန်အကျခံတည်ဆောက်ခဲ့ပြီး အလျားပေ ၉၀၊ အနံပေ ၃၀ ရှိ RC တစ်ထပ်ဖြစ်သည်။

အခမ်းအနားတွင် ကျိုက်ထီးရိုး တောင်တက် မော်တော်ယာဉ်အသင်း ဥက္ကဋ္ဌက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်က စာသင်ခုံ ၆၂ ခုံ၊ အလှူရှင်များက အလှူငွေ၊ စာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျိုက်ထိုမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံကာ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး၊ ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သန့်ရှင်း သာယာလှပရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

ပဲခူး ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို မေ ၃၀ ရက်က စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမင်းသော်တာ(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူ ၁၇၂ ဦးအား အမှုဆောင်များဖြစ်ကြသော ဗိုလ်ကြီးမင်းသော်တာ(ငြိမ်း)ဥက္ကဋ္ဌ၊ ဗိုလ်ကြီးသန်းထွဋ်(ငြိမ်း)အတွင်းရေးမှူးနှင့် ဗိုလ်ကြီးအောင်အောင်မိုး(ငြိမ်း)ဘဏ္ဍာရေးမှူးတို့က ပညာသင်စရိတ် ထောက်ပံ့ငွေ စုစုပေါင်း ကျပ် ၈၈၁၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၄၀၃)

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ၏ သားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၉ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ချစ်စိန်နှင့် ဇနီး ဒေါ်မြင့်မြင့်ဌေးတို့က ကျောင်းသား၊ ကျောင်းသူ ၂၄ ဦးတို့အတွက် ပညာသင်စရိတ် ထောက်ပံ့ငွေ ပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)

ဖျာပုံမြို့နယ် ကျောင်းအပ်နှံရေး အလှူငွေပေးအပ်

ဖျာပုံ ဇွန် ၁၁

ဖျာပုံမြို့နယ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၅ ရက်က အထက(၁)အောင်မြေခန်းမ၌ကျင်းပရာ ကျောင်းအပ်နှံရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းနှင့် ပညာရေးစေတနာရှင် အလှူရှင်များက စာရေးကိရိယာ ဒါဇင် ၅၀၀ နှင့် အလှူငွေကျပ် သိန်း ၂၀ ကို မြို့နယ်ပညာရေးမှူးထံသို့ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ (ကြေးမုံ)

စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူ ဒဏ်ငွေရိုက်မည် သတင်းပေးသူ ဒဏ်ကြေး တစ်ဝက်ပေးမည်

ရန်ကုန် ဇွန် ၁၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ဘက်စုံထောင့်စုံက ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။ မြို့အင်္ဂါရပ်နှင့်ညီစေရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် အမှိုက်များ စနစ်တကျ သိမ်းဆည်းစွန့်ပစ်ခြင်းလုပ်ငန်းသည်လည်း ကဏ္ဍတစ်ခုအဖြစ် ပါဝင်သည်။ ရန်ကုန်မြို့ကြီးကို သန့်ရှင်းသာယာလှပ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် မြို့တော်စည်ပင်တစ်ခုတည်းဆောင်ရွက်၍ မရနိုင်ပေ။ ပြည်သူများကလည်း အသိစိတ်ဓာတ်ရှိစွာ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုပေသည်။

၃၃ မြို့နယ်

ရန်ကုန်မြို့တော်စည်ပင်နယ်နိမိတ် ၃၃ မြို့နယ်အတွင်း ပြည်သူများ စည်းကမ်းတကျဖြင့် အမှိုက်စွန့်ပစ်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက အမှိုက်ကန်သစ်များ တိုးချဲ့တည်ဆောက်လျက်ရှိသကဲ့သို့ ချွတ်ယွင်းပျက်စီးနေသည့် အမှိုက်ကန်များကိုလည်း ပြန်လည်ပြုပြင်ပေးလျက်ရှိသည်။

ဤသို့ မြို့တော်စည်ပင်က ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်လျက်ရှိရာတွင် အချို့မှာ အမှိုက်များကို သတ်မှတ်နေရာများ၌ စနစ်တကျ မစွန့်ပစ်ဘဲ စည်းကမ်းမဲ့ စွန့်ပစ်လျက်ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် အိမ်ထွက်အမှိုက်နှင့် မီးဖိုချောင်ထွက် အမှိုက်များကို သတ်မှတ်နေရာများတွင် မစွန့်ပစ်ပါက ငွေကျပ် ၁၀၀၀၀ ဒဏ်ရိုက်မည်ဖြစ်သည်။ သတင်းပေးပါက ယင်းဒဏ်ငွေ၏တစ်ဝက် ကျပ် ၅၀၀၀ ခွဲဝေပေးသည့်စနစ်ကို မကြာမီ ကျင့်သုံးအကောင်အထည်ဖော်သွားရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

(ဥမ္မာသန့်)

ရန်ကုန်ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေး ဆောင်ရွက်ရာတွင် လက်ရှိလုပ်ငန်းခွင်မပျက်စေဘဲ ပြုပြင်တိုးချဲ့ ဆောင်ရွက်သွားရန်လို

အမှာစကား ပြောကြား

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရန်ကုန်ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

❖ ကျောဖုံးမှ

ထို့နောက် ကုန်တင်ယာဉ်ကြီးများ၊ ကုန်သေတ္တာတင်ယာဉ်ကြီးများ သွားလာနိုင်ရန် ကမ်းနားလမ်းနှင့် အမှတ်(၂) လမ်းမကြီးကို ဆက်စပ်ပေးမည့် မောင်းမကန် ကမ်းသာလမ်း၊ ရေဝဏ်လမ်း၊ ပဲခူးမြစ်လမ်း၊ ရတနာလမ်း၊ ရှုခင်းသာလမ်း၊ ယမုံနာလမ်း၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်တထောင်ဈေးလမ်းတို့အား လမ်းပိုင်းအလိုက် ခြောက်လမ်းသွားလမ်းများအဖြစ် တိုးချဲ့တည်ဆောက်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဆိပ်ကမ်းအဖြစ် ပြောင်းလဲတည်ဆောက်သွားမည့် အမှတ်(၆) သစ်စက်ဝင်းသို့ ရောက်ရှိကြရာ သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သစ်စက်ဝင်းမှ ရွှေ့ပြောင်းမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ဗိုလ်တထောင်မြို့နယ်ရှိ မြန်မာစက်မှုဆိပ်ကမ်း အမှတ်(၂) ကုန်းတွင်း ကုန်သေတ္တာစခန်းနှင့် အမှတ်(၁) MPA- Allied ရန်ကုန်ကုန်းတွင်း ကုန်သေတ္တာစခန်းတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးကြပြီး ကုန်သေတ္တာစခန်းများသည် နေရာအကျယ်အဝန်းရှိပြီးဖြစ်၍ နောင်တွင် ဆိပ်ခံတံတားကိုပါ ထည့်သွင်းတည်ဆောက်နိုင်အောင် လျာထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် လန်းပြီ ပင်လယ်ရေကြောင်းကုမ္ပဏီလီမိတက်၏ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ဆိပ်ကမ်းဝန်ဆောင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အလုံမြို့နယ်ရှိ မြန်မာစက်မှုဆိပ်ကမ်း ဆိပ်ခံတံတားနှင့် အေးရှားဝေါလ်ဆိပ်ကမ်း ဆိပ်ခံတံတား တိုးချဲ့တည်ဆောက်မှု အခြေအနေများနှင့် ဆိပ်ကမ်းအတွင်း ကုန်သေတ္တာများ အခြေအနေကို ကြည့်ရှုစစ်ဆေးကြပြီး ဆိပ်ကမ်းများ၌ ကုန်သေတ္တာအလွတ်များကိုပါ ထားသိုသိမ်းဆည်းထားခြင်းကြောင့် ကုန်သေတ္တာများသယ်ယူရာတွင် ကျဉ်းမြောင်းကျပ်တည်းမှုများရှိနေသည့်အတွက် အဆိုပါကုန်သေတ္တာအလွတ်များကို သင့်လျော်သည့် နေရာသို့ ရွှေ့ပြောင်းထားရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်နှင့် မြေနေရာရရှိရေးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းစီစဉ်ပေးရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ကမ်းနားလမ်းသစ်တစ်လျှောက် လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်ဆိပ်ကမ်းဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရန်ကုန်ဆိပ်ကမ်းသမိုင်းအကျဉ်း၊ ရန်ကုန်ဆိပ်ကမ်းမှ ပင်လယ်ဝအထိ ခရီးမိုင်အကွာအဝေး၊ ရန်ကုန်ဆိပ်ကမ်းနယ်မြေရှိ အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားနှင့် ကုန်သေတ္တာစခန်းများ အခြေအနေ၊ သီလဝါဆိပ်ကမ်းနယ်မြေရှိ အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားများနှင့် အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားများ၏ အကျယ်အဝန်း၊ တင်ချနိုင်သည့် ကုန်ပစ္စည်းအမျိုးအစားနှင့် ခံနိုင်ဝန်များ၊ ဆိပ်ကမ်းများ၌ ၂၀၁၀-၂၀၁၁ခုနှစ်တွင် ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်မှု၊ ဆိပ်ကမ်းတစ်ခုချင်းနှင့် ဆိပ်ခံတံတားအလိုက် ကုန်ကိုင်တွယ်နိုင်မှု၊ ဆိပ်ကမ်းအလိုက် ဝင်ငွေရရှိမှု၊ အလုပ်အကိုင်ခန့်ထားနိုင်မှု၊ ရန်ကုန်ဆိပ်ကမ်း တိုးချဲ့တည်ဆောက်ရေး အစီအစဉ်၊ ဆိပ်ကမ်းနေရာသစ်ဖော်ထုတ်မှုနှင့် တိုးတက်ဖြစ်ပေါ်လာမည့် ရန်ကုန်ဆိပ်ကမ်းဒေသ အခြေအနေ၊ဆိပ်ကမ်းတွင် ကုန်သေတ္တာများ စုပြုံကျပ်တည်းမှုအပေါ် ဖြေရှင်းဆောင်ရွက်ပြီးစီးမှု၊ ရန်ကုန်မြစ်ကြောင်းအတွင်း တန်ချိန် ၃၅၀၀၀ ရှိ ရေယာဉ်များ ဝင်၊ ထွက်သွားလာနိုင်ရေးဆောင်ရွက်မှုနှင့် သီလဝါဆိပ်ကမ်းဒေသ၌ ပုဂ္ဂလိကပိုင် စက်သုံးဆီ တင်/ချ ဆိပ်ခံတံတားများ အကောင်အထည်ဖော်ဆောင်ရွက် နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြ သည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် လုပ်ငန်းရှင်များက ရန်ကုန်ဆိပ်ကမ်းတိုးချဲ့ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်လာသည့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများ တစ်နေ့တခြား တိုးတက်များပြားလာသဖြင့် လွန်ခဲ့သည့် နှစ်နှစ်ခန့်ကပင် ဆိပ်ကမ်းတိုးချဲ့ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ဆိပ်ကမ်းအဆင့်မြင့်တင်ရာတွင်လည်း ခေတ်မီဆိပ်ကမ်းတစ်ခုတွင် ပါရှိရမည့် လိုအပ်ချက်များကိုပါ ထည့်သွင်း တည်ဆောက်သွားရန်လိုကြောင်း။

ရန်ကုန်ဆိပ်ကမ်း တိုးချဲ့မှုလုပ်ငန်းနှင့်အတူ ကမ်းနားလမ်းတွင် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရန်အတွက် ကုန်တင်ယာဉ်ကြီးများ ဝင်/ထွက်သွားလာနိုင်သည့် ကမ်းနားလမ်းသစ်ကိုပါ တစ်ပါတည်း ဖောက်လုပ်လျက်ရှိကြောင်း။

ယနေ့ ရေကြောင်းကုန်စည်ပို့ဆောင်မှုအနေဖြင့် ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းနှစ်ခု၌ ဆိပ်ခံတံတား ၂၃ စင်းရှိပြီး သင်္ဘော ၂၃ စင်း တစ်ပြိုင်နက် ဆိုက်ကပ်၍ ကုန်တင်၊ ကုန်ချ ဆောင်ရွက်နိုင်ကြောင်း၊ တစ်နှစ်လျှင် ကုန်တန်ချိန် သန်း ၂၀ ခန့်သာ ကိုင်တွယ်ဆောင်ရွက်နိုင်သည်ဟု သိရကြောင်း၊ လက်ရှိတွင် ဆိပ်ကမ်းများ၏ ဝန်ဆောင်နိုင်မှု ၇၀ ရာခိုင်နှုန်းခန့်ကို ကိုင်တွယ်ဆောင်ရွက်နေသည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်၍ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ရန် လိုအပ်လာကြောင်း။

ယခု ရန်ကုန်ဆိပ်ကမ်း တိုးချဲ့မှု စီမံကိန်းပြီးစီးပါက ဆိပ်ခံတံတား ၄၁ စင်းတွင် သင်္ဘော ၄၃ စင်း တစ်ပြိုင်နက် ဆိုက်ကပ်နိုင်ပြီး တစ်နှစ်လျှင် ကုန်တန်ချိန် သန်း ၈၀ ကျော်အထိ ကိုင်တွယ်ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ဗိုလ်တထောင်စေတီတော်နှင့် ဗိုလ်အောင်ကျော်လမ်းအကြားရှိ ဆိပ်ကမ်းမြေတွင်လည်း ဆိပ်ခံတံတား တည်ဆောက်သွားရန်ဖြစ်ကြောင်း။

ရန်ကုန်ဆိပ်ကမ်း တိုးချဲ့ရေးလုပ်ငန်းနှင့်အတူ လက်ရှိ တန်ချိန် ၁၅၀၀၀ ရှိ သင်္ဘောများသာ ဝင်/ထွက်နိုင်သည့် ရေလမ်းကြောင်းကိုလည်း တန်ချိန် ၃၀၀၀၀ နှင့် ၃၅၀၀၀ ရှိသည့် သင်္ဘောကြီးများ ဝင်/ထွက်နိုင်သည့် ရေစူးအနက်ရရှိအောင် ဆက်စပ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ဆိပ်ကမ်းတိုးချဲ့တည်ဆောက်မှုလုပ်ငန်းများကို ပထမအဆင့်အနေဖြင့် အမှတ်(၆) သစ်စက်မှ ထီးတန်းကြက်လျှာစွန်းအထိ တိုးချဲ့ဆောင်ရွက်သွားနိုင်ရေးအတွက် Master Plan ရေးဆွဲဆောင်ရွက်ရန်ဖြစ်ကြောင်း။

ရန်ကုန်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးအတွက် တိုးချဲ့ဆောင်ရွက်ကြရာတွင်လည်း လက်ရှိလုပ်ငန်းခွင် မပျက်စေဘဲ ပြုပြင်တိုးချဲ့ ဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိ ရေလမ်းကြောင်းများ တစ်ဆက်တစ်စပ်တည်း ပွင့်လင်းမှုရှိစေရန်နှင့် ဆိပ်ကမ်းတစ်ခုနှင့်တစ်ခု ကွာဟမှု မရှိစေဘဲ ဟန်ချက်ညီညီ ဖွံ့ဖြိုးမှုရှိအောင် ဆက်စပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စီမံကိန်းလုပ်ငန်းကို လာမည့် (၃)နှစ်ခန့် အချိန်အတွင်း ပြည့်ပြည့်စုံစုံပြီးစီးရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များက ညှိနှိုင်းဆောင်ရွက်သွားရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အေးရှားဝေါလ်ဆိပ်ကမ်း ဆိပ်ခံတံတား တိုးချဲ့တည်ဆောက်နေမှုကို တွေ့ရစဉ်။

(သတင်းစဉ်)

ပညာဂုဏ်ရောင် အလင်းဆောင်

တိုးတက်ရေးစာပေရိပ်သာ စာကြည့်တိုက်သို့ အလှူငွေလှူဒါန်း

တောင်တွင်းကြီး ဇွန် ၁၁

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ညောင်ပင်လှကျေးရွာ တိုးတက်ရေးစာပေရိပ်သာ စာကြည့်တိုက်၏ (၅၇) နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားကို မေ ၂၈ ရက်မွန်းလွဲ ၂ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။ **(အောက်ပုံ)** ဆက်လက်၍ မြို့နယ်ပြန်/ဆက်ဦးစီးမှူးက စာအုပ်၊ စာစောင် ၆၀၊ ဦးသောင်းညွှန့် ရွှေကြာအင်း (၁)ရပ်ကွက်က ရှားပါးစာအုပ်သုံးအုပ်နှင့် စေတနာရှင်များက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များ အနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ်ခွဲမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဇွန် ၁၁

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ တွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိပြီး ကမာရွတ်မြို့နယ် ပြည်လမ်းရှိ ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ်ခွဲ (BIDV- Bank for Investment and Development of Vietnam) ကို ကြည့်ရှုလေ့လာကြသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ သွားရောက်တွေ့ဆုံသည်။

ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင် (၅၀၀) သွားဆေးကုသမှုဌာနသို့ သွားအစားထိုးကုသမှုဆိုင်ရာ ခွဲစိတ်ခန်းသုံးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၁၁

အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင် (၅၀၀) သွားဆေးကုသမှု ဌာန၌ အသုံးပြုရန်အတွက် သွားအစားထိုး ကုသမှုဆိုင်ရာ ခွဲစိတ်ခန်းသုံးပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကို ဇွန် ၅ ရက် မွန်းလွဲပိုင်းတွင် အဆိုပါဆေးရုံ၌ ကျင်းပရာ အလှူရှင် ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေဦး၊ ဇနီးဒေါ်နီနီဝင်းနှင့်မိသားစု၊ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀) တပ်မှူး ဗိုလ်မှူးချုပ်စိန်လင်း၊ သွားဆေးကုဌာန ဌာနမှူးဒုတိယဗိုလ်မှူးကြီး ဒေါ်တင်မိုးသန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး သွားအစားထိုးကုသမှုဆိုင်ရာ ခွဲစိတ်ခန်းသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (သတင်းစဉ်)

မြင်းမူ၌ စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်

မြင်းမူ ဇွန် ၁၁

မြင်းမူမြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၆ ရက် နံနက် ၁၀ နာရီက မြို့နယ်ရုံး ရွှေပြည်သစ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြင်းမူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင် မောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက စီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင် မောင်မောင်က စီမံကိန်းရည်မှန်းချက်တာဝန်များကို မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးသူရိန်ထွန်းအား တာဝန်ပေးအပ်လွှာများဖြင့် ပေးအပ်ခဲ့ကြောင်း သိရှိရသည်။**(ဝဲပုံ)** (၆၂၄)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း လူထုအခြေပြု တီဘီရောဂါကာကွယ်စောင့်ရှောက်ရေးစီမံချက်၏ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ဖွင့်ပွဲကို ဇွန် ၆ ရက်က နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာထွန်းထွန်း အဖွင့်အမှာစကားပြောကြားစဉ်။ (၀၉၂)



၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာ၊ စာစီစာကုံး၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများ ကျင်းပမည်

နေပြည်တော် ဇွန် ၁၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲများအတွက် ခေါင်းစဉ်မှာ "The World at 7 Billion"၊ **(လူဦးရေ သန်းခုနစ်ထောင်ရဲ့ ဝန်တာ၊ ထမ်းဆောင်နေတဲ့ ဒို့ရဲ့ကမ္ဘာ)** ဖြစ်သည်။

ပိုစတာပြိုင်ပွဲ

အသက်အလိုက် အဆင့်(၁)တွင် အသက် (၆)နှစ်မှ (၈) နှစ်၊ အဆင့်(၂)တွင် အသက် (၉)နှစ်မှ (၁၂)နှစ်၊ အဆင့်(၃)တွင် အသက် (၁၃) နှစ်မှ (၁၅) နှစ်၊ အဆင့်(၄)တွင် အသက် (၁၆) နှစ်မှ (၁၈) နှစ်၊ အဆင့်(၅)အလွတ်တန်း ဖိတ်ခေါ်ပြိုင်ပွဲတွင် အသက်(၁၉)နှစ်နှင့်အထက် သတ်မှတ်ထားပါသည်။ အဆင့်(၁)မှ အဆင့်(၄)အထိ ပြိုင်ပွဲကို နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သတ်မှတ်ထားသောနေရာများ၌ ဇွန် ၁၈ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းလွဲ ၁နာရီအထိ ကျင်းပသွားမည်ဖြစ်ရာ ထုတ်ပေးမည့် ၁၅ လက်မ × လက်မ ၂၀ ပုံဆွဲစက္ကူဖြင့်သာ လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများနှင့် နေပြည်တော်ကောင်စီနယ်မြေအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးတို့၌ ဇွန် ၁၇ ရက် နောက်ဆုံးထား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့်အတူ စာရင်းပေးလျှောက်ထားရမည်။ အဆင့်(၅)အလွတ်တန်း ဖိတ်ခေါ်ပြိုင်ပွဲအတွက် ၁၈ လက်မ× ၂၄ လက်မအရွယ် မိမိကြိုက်နှစ်သက်ရာ ပုံဆွဲစက္ကူကို အသုံးပြုရေးဆွဲပြီး အထက်ဖော်ပြပါ ရုံး/ဌာနများသို့ ဇွန် ၁၇ရက် နောက်ဆုံးထား၍ ပြိုင်ပွဲဝင် ပိုစတာများပေးပို့ရမည်။

ပြိုင်ပွဲဆုများအဖြစ် အဆင့်(၁)မှ အဆင့်(၄)အထိ ပထမဆု ငွေကျပ် တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သောင်းငါးထောင်၊ တတိယဆု ငွေကျပ်ငါးသောင်းနှင့် အထူးဆု ငါးဆုအဖြစ် ငွေကျပ် သုံးသောင်းစီ သတ်မှတ်ထားပြီး အဆင့်(၅) အလွတ်တန်း ဖိတ်ခေါ် ပြိုင်ပွဲအတွက် ပထမဆု ငွေကျပ်တစ်သိန်းငါးသောင်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်း၊ တတိယဆု ငွေကျပ် ခုနစ်သောင်းငါးထောင်နှင့် အထူးဆု ငါးဆုအဖြစ် ငွေကျပ် ငါးသောင်းစီ သတ်မှတ်ထားသည်။

စာစီစာကုံးပြိုင်ပွဲ

စာစီစာကုံးကို မြန်မာဘာသာဖြင့် ပြိုင်ပွဲဝင်ရမည်ဖြစ်ပြီး တက္ကသိုလ်၊ ကောလိပ်အဆင့်၊ အခြေခံပညာအထက်တန်းအဆင့် (၈၊ ၉၊ ၁၀)တန်းနှင့် အခြေခံပညာအလယ်တန်းအဆင့် (၅၊ ၆၊ ၇)တန်း အဆင့်သုံးဆင့်ခွဲ၍ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများတွင် ဇွန် ၁၉ ရက် နံနက် ၉ နာရီမှ ၁၁ နာရီ အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဆုများအဖြစ် ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သောင်းငါးထောင်၊ တတိယဆု ငွေကျပ် ငါးသောင်းနှင့် အထူးဆု ငါးဆုအား ငွေကျပ် သုံးသောင်းစီ သတ်မှတ်ထားသည်။

ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ

ပြိုင်ပွဲဝင်လိုသူများသည် ၁၀ လက်မ× ၁၅ လက်မထက် မငယ်သောအရွယ်အစား Print ပုံဖြင့် ပြိုင်ပွဲဝင်တစ်ဦးလျှင် ရောင်စုံဓာတ်ပုံ သုံးပုံသာပေးပို့ ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဆုများအဖြစ် ပထမဆု ငွေကျပ် နှစ်သိန်း၊ ဒုတိယဆု ငွေကျပ် တစ်သိန်းငါးသောင်း၊ တတိယဆု ငွေကျပ်တစ်သိန်းနှင့် အထူးဆုငါးဆုအား ငွေကျပ် ငါးသောင်းစီ သတ်မှတ်ထားသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေသို့ ဇွန် ၂၃ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင် ရောင်စုံ ဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ Digital နည်းစနစ် ဖြင့် ဖြည့်စွက်၊ ပယ်ဖျက်ထားခြင်း မရှိကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့် အကြောင်းအရာ (Caption) အပြည့်အစုံ၊ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။

ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ

စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာမျက်နှာတစ်ဖက်တည်းတွင် စာလုံးရေ သုံးထောင်မှ ငါးထောင် အတွင်းရေးသားပြီး ပြိုင်ပွဲဝင်တစ်ဦးအတွက် စာမူ ဆောင်းပါးတစ်ပုဒ်သာ တင်သွင်းခွင့်ရှိသည်။ စာမူ မူရင်းနှင့် မိတ္တူကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်၊ ဆောင်းပါးရေးသူ၏ ကိုယ်ရေးရာဇဝင်တွင် အမည်ကို မြန်မာနှင့် အင်္ဂလိပ်ဘာသာ နှစ်မျိုးစလုံးဖြင့်ဖော်ပြပြီး အဖအမည်၊ အသက် (မွေးသက္ကရာဇ်)၊ ကျား/မ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရမည့် တယ်လီဖုန်းအမှတ်၊ တိုင်းဒေသကြီး/ ပြည်နယ်တို့ကို ပြည့်စုံစွာဖော်ပြပြီး ပတ်စပို့ဓာတ်ပုံ သုံးပုံပူးတွဲ၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့ အင်အားဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေသို့ ဇွန် ၂၂ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီးပေးပို့ရမည်။

ပြိုင်ပွဲဆုများအဖြစ် ပထမဆုငွေကျပ် တစ်သိန်း၊ ဒုတိယဆု ငွေကျပ်ခုနစ်သောင်းငါးထောင်၊ တတိယဆုငွေကျပ်ငါးသောင်း နှင့် အထူးဆု ငါးဆုအား ငွေကျပ်သုံးသောင်းစီ သတ်မှတ်ထားသည်။

ဆုချီးမြှင့်

ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရသူများကို ဇူလိုင် ၁၁ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ၌ ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပြီး အထူးဆုများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများမှတစ်ဆင့် ချီးမြှင့်ပေးမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ပြိုင်ပွဲများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို နေပြည်တော်ကောင်စီနယ်မြေ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနနှင့် နေပြည်တော်ကောင်စီနယ်မြေ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးတွင် လည်းကောင်း၊ ကျန်ဒေသများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း ကြည့်ရှုနိုင်သည်။

ထို့ပြင် ပိုစတာပြိုင်ပွဲနှင့် ပတ်သက်၍ ဦးမျိုးသွင်(ဒုတိယညွှန်ကြားရေးမှူး) ဖုန်း-၀၆၇-၄၃၁၃၃၅၊ စာစီစာကုံးပြိုင်ပွဲနှင့် ပတ်သက်၍ ဦးဝင်းမြင့် (လက်ထောက်ညွှန်ကြားရေးမှူး) ဖုန်း ၀၆၇-၄၃၁၃၃၇၊ ၀၉-၄၉၂၃၃၄၉၇၊ ဖိတ်ခေါ်ဆောင်းပါးနှင့် ပတ်သက်၍ ဒေါ်ခင်ခင်ညို (ဒုတိယညွှန်ကြားရေးမှူး) ဖုန်း ၀၆၇-၄၃၁၃၃၆၊ ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲနှင့်ပတ်သက်၍ ဒေါ်ယဉ်ယဉ်ကြိုင် (လက်ထောက်ညွှန်ကြားရေးမှူး) ဖုန်း- ၀၆၇-၄၃၁၃၅၆ Fax -၄၃၁၀၆၅ နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်း(ရန်ကုန်မြို့) ဖုန်း-၀၁-၃၇၃၁၆၇ တို့သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၁

တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ထားဝယ်မြို့ မောင်မယ်ရှောင်ကျေးရွာ ထားဝယ်နည်းပညာတက္ကသိုလ်ရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် တက်ရောက်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများအား ပျိုးပင်များကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများသည် ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ် ကံ့ကော်ပင်၊ ခရေပင်၊ မဟော်ဂနီပင်နှင့် ကျွန်းပင်တို့ကို စိုက်ပျိုးပေးကြပြီး သစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်၊ ပျိုးပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

စိုက်ပျိုး

တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ကံ့ကော်၊ ခရေ၊ မဟော်ဂနီ၊ ကျွန်း၊ စွယ်တော်၊ မဲဇလီ၊ ပျဉ်းကတိုးနှင့် စိန်ပန်းကြီး ပျိုးပင်ရှစ်မျိုး၊ ပျိုးပင် သစ်ပင် စုစုပေါင်း ၃၆၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နည်းပညာတက္ကသိုလ် ဧည့်ခန်းမဆောင်၌ ခေတ္တကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံပြီး ကျောင်းအဆောက်အအုံ ပြုပြင်မွမ်းမံနေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တာမွေမြို့နယ် ရဲတပ်ဖွဲ့၏ ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးစာရေးကိရိယာများပေးအပ်ပွဲကို မေ ၁၉ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်မောင်ဦးက ကျောင်းသူတစ်ဦးအား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်စဉ်။ (ကြေးမုံ)

ပြည်တွင်း အားကစားသတင်းများ

ပြည်တွင်း အားကစားသတင်းများ

ပြည်တွင်း အားကစားသတင်းများ

ရန်ကုန်ယူနိုက်တက် ရာသီဝက်ချန်ပီယံဖြစ်ပြီး လက်ရှိချန်ပီယံရတနာပုံကို ဇေယျာရွှေမြေဂိုးပြတ်အနိုင်ယူ

ရန်ကုန် ဇွန် ၁၁

MNL Grand Royal 2011 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၁၁)ကို ယနေ့ ညနေပိုင်းက မုံရွာကွင်း၊ KBZ ကွင်းနှင့် သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပသည်။

(မုံရွာကွင်း)

ဇေယျာရွှေမြေ - သုံးဂိုး
(ကျော်ကိုကို-နှစ်ဂိုး၊ ရွှေလှိုင်ဝင်း)
ရတနာပုံ - တစ်ဂိုး
(အက်စလေ)

ဇေယျာရွှေမြေတို့ အိမ်ကွင်းတွင် ခြေစွမ်းပြပြီး လက်ရှိချန်ပီယံရတနာပုံကို ဂိုးပြတ်အနိုင်ယူနိုင်ခဲ့သည်။ ယမန်နှစ်က အိမ်ကွင်းတွင် ရတနာပုံအသင်းကို ရှုံးနိမ့်ပြီး ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရသည့် ရှုံးကြွေးကို ဇေယျာရွှေမြေတို့ ပြန်ဆပ်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ပွဲပယ်ခံထားရသည့် အသင်းခေါင်းဆောင်ဇော်လင်းထွန်းမှလွဲ၍ ဇေယျာရွှေမြေအသင်းမှာ လူစုံထုတ်ကစားခဲ့ပြီး ပွဲအစ ၈ မိနစ်မှာပင် ကျော်ကိုကိုက ဦးဆောင်ဂိုး စတင်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ၄၁ မိနစ်တွင် အက်စလေက ရတနာပုံအတွက် ချေပဂိုး ပြန်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် အိမ်ရှင် ဇေယျာရွှေမြေအသင်း ပိုဖိကစားနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၄၈ မိနစ်တွင် ရွှေလှိုင်ဝင်းနှင့် ၈၁ မိနစ်တွင် ကျော်ကိုကိုတို့က သွင်းယူခဲ့သည်။ ၇၁ မိနစ်တွင် ရတနာပုံမှ အောင်ချမ်းမိုးနှင့် ဇေယျာရွှေမြေမှ ကျော်ဇင်ဝင်းတို့ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသည်။

(သုဝဏ္ဏကွင်း)

ရန်ကုန်ယူနိုက်တက် - သုံးဂိုး
(ဟန်ဆန်၊ ဂျူဗီနယ်နှင့် ကောင်းစည်သူ)
ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ

ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရရှိခဲ့သောကြောင့် ၁၁ ပွဲကစား ၂၆ မှတ်ရရှိကာ ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်သည်။ အကောင်းဆုံး ပုံစံမရရှိခဲ့သည့် ရန်ကုန်အသင်းမှာ ဂိုးရရန် ရှုန်းကန်ခဲ့ရပြီး ၄၇ မိနစ်တွင် ဟန်ဆန်၊ ၇၆ မိနစ်တွင် ဂျူဗီနယ်၊ မိနစ် ၉၀ တွင် ကောင်းစည်သူတို့၏ဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဇေယျာရွှေမြေအသင်းသားများ ရတနာပုံအသင်းအား အနိုင်ရရှိပြီး ပျော်ရွှင်နေကြစဉ်။

(KBZကွင်း)

ကမ္ဘောဇ - တစ်ဂိုး
(ကျော်ဇေယျာဝင်း)
နေပြည်တော် - ဂိုးမရှိ

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

မကွေး - မနောမြေ

(အောင်ဆန်းကွင်း)

ဉသျှာယူနိုက်တက်- ဧရာဝတီယူနိုက်တက်

သတင်းမှတ်စု ရှိုင်းထက်ဇော်
ဓာတ်ပုံ-ဇော်မင်းအောင်(၁၀၇)

မိဘမဲ့ကလေးသူငယ် ဖွံ့ဖြိုးရေးဂေဟာဖွင့်

ရန်ကုန် ဇွန် ၁၁

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် နေပြည်တော် ဘောလုံးအသင်းနှင့် ACE Construction Co.,Ltd. တို့မှ ဆောက်လုပ်လှူဒါန်းသည့် မိဘမဲ့ကလေးသူငယ် ဖွံ့ဖြိုးရေးဂေဟာဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက သန်လျင်မြို့နယ် ကျိုက်အင်းကျေးရွာရှိ အဆိုပါ ဂေဟာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရှေးဦးစွာ အလှူရှင် နေပြည်တော်ဘောလုံးအသင်းဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်း(ဥက္ကဋ္ဌ၊ ACE Construction Co.,Ltd.)က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ နေပြည်တော် ဘောလုံးအသင်းဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်း (ဥက္ကဋ္ဌ၊ ACE Construction Co.,Ltd.)က ဂေဟာနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။ **(ယာပုံ)** ထို့နောက် ဂေဟာတည်ဆောက်ရာတွင် အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ (ကြေးမုံ)

တင်းနစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာလက်ရွေးစင်အမျိုးသားအသင်း သီရိလင်္ကာနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇွန် ၁၁

ဇွန် ၁၃ ရက်မှ ၂၁ ရက်အထိ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပမည့် ၂၀၁၁ ခုနှစ် Davis Cup By BNP Paribas Asia/Oceania Zone Group (III) တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အသင်းခေါင်းဆောင် မင်းမင်း ဦးဆောင်သော မြန်မာလက်ရွေးစင် အမျိုးသားတင်းနစ်အဖွဲ့သည် ဇွန် ၁၀ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် သီရိလင်္ကာနိုင်ငံသို့ ထွက်ခွာသွားကြသည်။

မြန်မာလက်ရွေးစင် အမျိုးသားတင်းနစ်အသင်းအား မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာလက်ရွေးစင် အမျိုးသားတင်းနစ်အသင်းတွင် ဖြိုးမင်းသာ(အမှတ်-၁၊ စက်မှုဝန်ကြီးဌာန)၊ အောင်ကျော်နိုင် (သစ်တောရေးရာဝန်ကြီးဌာန)၊ ဇော်ဇော်လတ်နှင့် ငယ်နှောင်း တို့ လိုက်ပါသွားသည်။

ယမန်နှစ်က Group (IV) ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သဖြင့် မြန်မာတင်းနစ် အဖွဲ့သည် ယခုနှစ်တွင် ပထမဆုံးအကြိမ် Group(III)သို့ တက်ရောက်ကစားခွင့်ရရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ လက်ရွေးစင် အမျိုးသား တင်းနစ်အသင်း သီရိလင်္ကာ နိုင်ငံသို့ မထွက် ခွာမီ ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။
(တင်းနစ်အဖွဲ့ချုပ်)

နိုင်ငံတကာ အားကစားသတင်းများ

နိုင်ငံတကာ အားကစားသတင်းများ

အာဆင်နယ်အသင်း ကားလ်ဂျန်ကင်ဆင်ကိုခေါ်ယူ

လန်ဒန် ဇွန် ၁၁

လာမည့် ဘောလုံးရာသီများတွင် ဆုဖလားများ ပြန်လည်ရယူနိုင်ရေးအတွက် ကစားသမားအပြောင်းအလဲ မြောက်မြားစွာပြုလုပ်မည်ဟု ထုတ်ဖော်ပြောကြားထားသည့် အာစင်ဝင်းဂါးသည် ယခုအချိန်တွင် ချာလ်တန်အသင်းမှ ကားလ်ဂျန်ကင်ဆင် **(အောက်ဝဲပုံ)**ကို ခေါ်ယူနိုင်ခဲ့ပြီဟု သိရသည်။



ကားလ်ဂျန်ကင်ဆင်မှာ ဖင်လန် ယူ-၂၁ လက်ရွေးစင်နောက်ခံကစားသမားဖြစ်ပြီး အသက်(၁၉)နှစ်သာ ရှိသေးသည်။ ၎င်း၏ပြောင်းရွှေ့ကြေးကိုမူ ဖော်ပြထားခြင်းမရှိပေ။ ထို့ပြင် အာဆင်နယ်အသင်းသည် ဆောက်သမ်ပတန်အသင်းမှ အသက်(၁၇)နှစ်ရှိ ချန်ဘာလိန်ကို ပေါင် ၁၂ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိထားပြီဟုဆိုသည်။ အာဆင်နယ်အသင်းသည် ကားလ်ဂျန်ကင်ဆင်နှင့် ချန်ဘာလိန်တို့အပြင် အသက်(၁၆)နှစ်စီသာရှိကြသေးသည့် ဘာစီလိုနာလူငယ်ကစားသမားများဖြစ်သည့် ဂျွန်တိုရယ်ဟာပါနှင့် ဟက်တာဘယ်လာရင်တို့ကိုလည်း ခေါ်ယူရန် သဘောတူညီပြီးဖြစ်သည်ဟု သတင်းများတွင် ဖော်ပြထားသည်။ ***ESPN*။**

ဟန်သစ်

ပယ်နယ်တီကန်သွင်းသည့်ဘောလုံး ဂိုးဘားတန်းထိပြီး အပေါ်ထောင်တက်သွားသော်လည်း ပဟေဠိဆန်စွာ ဂိုးပိုက်နှင့် မိတ်ဆက်ခဲ့

ရောမ ဇွန် ၁၁

အီတလီပြည်တွင်းပြိုင်ပွဲတစ်ခုဖြစ်သည့် သတ္တမတန်းလိဂ်ပြိုင်ပွဲတွင် တာမင်နိုအသင်းနှင့် ဒီရိုအသင်းတို့ တန်းတက်ခွင့်ရရေးအဆုံးအဖြတ်ပွဲကစားကြရာ ပွဲကစားချိန်အတွင်း အနိုင်အရှုံးအဖြေမပေါ်၍ ပယ်နယ်တီကန်သွင်းပြီး ဆုံးဖြတ်ခဲ့ကြသည်။

မိုက်ကယ်ပယ်မာကန်သွင်းသည့်ဘောလုံး ဂိုးဘားတန်းထိပြီး ပြန်ကျလာသည်ကို တွေ့ရစဉ်။

ထိုသို့ ပယ်နယ်တီကန်သွင်းကြရာတွင် တစ်ဖက်လေးဂိုးစီဝင်ပြီးနောက် တာမင်နိုအသင်းမှ မိုက်ကယ်ပယ်မာက ငါးလုံးမြောက်ပယ်နယ်တီကို ကန်သွင်းရာ ဘောလုံးမှာ ဂိုးဘားတန်းထိပြီး အပေါ်ထောင်တက်သွားခဲ့သည်။ ထို့ကြောင့် ပယ်နယ်တီကန်သွင်းသူ မိုက်ကယ်ပယ်မာမှာ ဝမ်းနည်းပက်လက်ဖြစ်ခဲ့ပြီး ဒီရိုအသင်းဂိုးသမား လောရစ် အန်ဂျီလီမှာ ဂိုးဘားတန်းထိပြီး အပေါ်ထောင်တက်သွားသည့် ဘောလုံးကို ပြန်မကြည့်တော့ဘဲ ရှေ့သို့ပြေးထွက်၍ အောင်ပွဲခံခဲ့သည်။ ထို့နောက်ပိုင်းတွင် ယင်းဘောလုံးမှာ ပြန်ကျလာကာ သုံးပေါက်ခုန်ပြီးနောက် ဂိုးထဲသို့ရောက်ကာ ဂိုးပိုက်နှင့် မိတ်ဆက်သွားခဲ့သည်။ အားလုံးက ဂိုးမဝင်တော့ဟု ထင်မှတ်ထားသည့် အဆိုပါဘောလုံးမှာ မည်သူနှင့်မှ မထိဘဲ ပဟေဠိဆန်စွာ ဂိုးဝင်သွားခဲ့သည်။

အံ့ဩဖွယ်

ထိုဂိုးဝင်ကြောင်းကို ဒိုင်လူကြီးက အသိအမှတ်ပြုခဲ့၍ ၎င်းသူများ ပြန်လည်ပျော်ရွှင်ခွင့်ရရှိခဲ့ပြီး ပျော်ရွှင်စွာအောင်ပွဲခံခဲ့သူများ လက်မှိုင်ချခဲ့ရသည့်မြင်ကွင်းကို အံ့ဩဖွယ် မြင်တွေ့လိုက်ရသည်။ နောက်ဆုံးအနေဖြင့် ဒီရိုအသင်းက လက်ကျန်ပယ်နယ်တီတစ်လုံးကို ကန်သွင်းရာ ဂိုးသမား ပုတ်ထုတ်ကာကွယ်နိုင်ခဲ့၍ ပွဲအပြီးတွင် တာမင်နိုအသင်းက အနိုင်ရပြီး တန်းတက်ခွင့်ရသွားခဲ့သည်။ ဤအဖြစ်အပျက်သည် ဘောလုံးလောကတွင် ပထမဦးဆုံးဖြစ်မည်ဟု ယူဆရပါသည်။

***The Sun*။**

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ရန်ကုန်ဆိပ်ကမ်းတိုးချဲ့ပြီးပါက ဆိပ်ခံတံတား ၄၁ စင်းတွင် သင်္ဘော ၄၇ စင်း တစ်ပြိုင်နက်ဆိုက်ကပ်နိုင် ရေလမ်းကြောင်းကို တန်ချိန် ၃၅၀၀၀ ရှိ သင်္ဘောကြီးများ ဝင်၊ ထွက်နိုင်သည့် ရေစူးရရှိအောင် ဆောင်ရွက်

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂) လမ်းမကြီးနှင့် မောင်းမကန် ကမ်းသာလမ်း လမ်းဆုံသို့ ရောက်ရှိသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဗိုလ်တထောင်မြို့နယ်ရှိ MPA-Allied ရန်ကုန် ကုန်းတွင်း ကုန်သေတ္တာစခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် ဇွန် ၁၁

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)